မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၉၇)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်

ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲတည်ထောင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး တောင့်တင်းရေးနှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးတို့သည် ပဓာနကျသောလိုအပ်ချက်များပင်ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နေခြင်းသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံပင်ဖြစ်ပေသည်။ ထို့အပြင် တစ်မျိုးသားလုံး၏ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးတွင် ပြည်သူများ၏အင်အားသည် ပဓာနအကျဆုံး ဖြစ်ပေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အတွက် မြန်မာနိုင်ငံရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ရာ ဤမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အပြုသဘောဆောင်သောခံယူချက် သဘောထားကို ရင်ဝယ်ပိုက်ကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ တည်ခင်းဧည့်ခံ

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး **H.˚E. Mme Phoebe A. Gomez**˚အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H.˚E. Mme Phoebe A. Gomez˚အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းများနှင့်ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

5-1 (01).p65 1 3/28/05, 12:04 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး တိုင်းရင်းသားပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ရယူပြီးနောက် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အလေးအမြတ် ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် အမျိုးသားစီမံကိန်းများကို နိုင်ငံတော်က ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ရာ၌ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို လျာထား အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ဖော်ဆောင်ရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်–

"နိုင်ငံတော်တွင် ယင်းသို့အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များပင် ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်နိုင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးတောင့်တင်းရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသော လိုအပ်ချက်များပင် ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နေခြင်းသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံပင်ဖြစ်ပေသည်။ ထို့အပြင် တစ်မျိုးသားလုံး၏ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးတွင် ပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံး ဖြစ်ပေသည်"

ဟူ၍ ဖော်ပြပါရှိပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် အခြေခံပေသည်။ နိုင်ငံတကာ သင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မလွဲမသွေလိုအပ်ကြောင်း အထင်အရှား တွေ့မြင်နိုင်ပေသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခြေခံအင်အားဖြင့်သာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ရာ ယင်းမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အပြုသဘောဆောင်သော ခံယူချက်သဘောထားကို ရင်ဝယ်ပိုက်ကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောပြတိုက်ဖွင့်ပွဲ ကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၄

သစ်တောရေးရာဝန်ကြီးဌာန သစ်တောပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သစ်တောပြတိုက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဖွင့်ပွဲကို သစ်တောပြတိုက်ရှေ့၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောပြတိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ပြတိုက်အတွင်း ပြကွက်အလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုကြသည်။

ကဏ္ဍအလိုက်ပြသထား

အဆိုပါ သစ်တောပြတိုက်ကို အများပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ သစ်တောပညာ ဗဟုသုတ တိုးတက်ရရှိစေရန် သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သော မှတ်တမ်းဝင်ပစ္စည်းများ၊ ဓာတ်ပုံများနှင့် အချက်အလက်များကို တစ်နေရာတည်းတွင် လေ့လာနိုင်စေရန်၊ အများပြည်သူများက သစ်တောလုပ်ငန်းဆိုင်ရာ သမိုင်းဝင်ပစ္စည်းများကို လှူဒါန်းနိုင်စေရန်နှင့် သစ်တောသယံဇာတများ၏ အရေးကြီးပုံကို နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းထိန်းသိမ်းလိုစိတ် တိုးတက်မြင့်မား လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြခန်းများတွင် သစ်တောထိန်းသိမ်းခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်းပြခန်း၊ သစ်တောထွက်ပစ္စည်းများပြခန်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းပြခန်းနှင့် သစ်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းပြခန်းများဖြင့် ကဏ္ဍအလိုက် ပြသထားသည်။

ဖွင့်လှစ်ပြသထားမည်

သစ်တောပြတိုက်ကို နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် သူတော်ကောင်းတရားလေးပါး (ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေးအထူးပြု)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ"** (အပိုင်း–၁၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၃၂)

ဓမ္မစေတီဆရာတော် အဘိဓမ္မာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ယုဇနတာဝါ ပထမထပ် အစည်းအဝေးခန်းမတွင်ဇန်နဝါရီ ၈ရက်၊ ၉ရက်၊ ၁၀ရက်၊ ၁၆ရက်၊ ၂၃ရက်၊ ၂၉ရက်နှင့် ဖေဖော်ဝါရီ၅ရက်၊ ၁၂ရက်၊ ၁၉ရက်၊ ၂၆ရက်နှင့် ၂၇ရက်များတွင် ညစဉ်၇နာရီမှစ၍ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ သာသန တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism) က ဗုဒ္ဓဓမ္မ၊ အဘိဓမ္မာ တရားများ ဟောကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၄

သာကေတမြို့ ပုညာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒ မိုးကုတ်ဆရာတော်က သာကေတမြို့ ဗုဒ္ဓဝေယျာဝစ္စ ဓမ္မာရုံ၌ ဇန်နဝါရီ၁၅ရက်မှ ၁၆ရက်အထိ ညတရားပွဲကို လည်းကောင်း၊ ဇန်နဝါရီ၁၇ရက်မှ ၂၄ရက်အထိ ပဲခူးတိုင်း ကဝမြို့နယ် လက်ပံကုန်းကျေးရွာ ဓမ္မရိပ်သာ၌လည်းကောင်း၊ ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ၄ရက်အထိ မှော်ဘီမြို့ အနောက်ကျောင်းကြီးဓမ္မာရုံ၌ လည်းကောင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့တက်ရောက်လာကြသည့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အစည်းများဆိုင်ရာညှိနှိုင်းရေးမှူး Mr. Charles James Petrie ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့ ၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A.Gomez အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းများနှင့် ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာညှိနှိုင်းရေးမှူး Mr. Charles James Petrie၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၅၇)နှစ်မြောက်လွတ်လပ်ရေး နေ့ကျင်းပရေးဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်းဒေသ ညှိနှိုင်းရေးမှူးများ၊ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုချီးမြှင့်ခြင်းခံရသည့် ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

"လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သော အရာသည် မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့ တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့"

ဇန်နဝါရီ ၄ရက်က ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဖတ်ကြားစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ်တွင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြို့နယ်ရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံမှပေးပို့သော ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေက ဖတ်ကြားစဉ်။ (၁၉၂)

မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၇။ နဂါးရေလှောင်တမံ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go.

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာတတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇း၄၅ ၈။ ဂီတမဟာပျော်စရာ
- ၁၈း၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၁၀ ၁၀။ Discovery
- ၁၈း၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၁၉း၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉း၃၅ ၁၆။ စက်မှုဖွံ့ဖြိုးတိုးတက်ရေးသုတေသနပြပွဲနှင့် စာတမ်းဖတ်ပွဲ
- ၁၉း၄၅ ၁၇။ **အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု "ရွှေရောင်လွှမ်းသည့်မြန်မာ့အားကစား (အပိုင်း-၁)**
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)**
- ၂၂။ **"မမှောင်သောအလင်း (အပိုင်း-၄) "ဘဝသံသရာ" (ဖိုးသော ကြာ၊ ဗျိုက်၊ ဇော်ဦး၊ ရတနာခင်၊ စမ်းစမ်းအေး၊ ခင်မို့မို့အေး၊ အင္ဂချို) (ဒါရိုက်တာ- သက်တင်)**

အမြန်ချောစာပို့လုပ်ငန်း တရုတ်နိုင်ငံ၌ ပိုမိုဆောင်ရွက်နိုင်ခဲ့

ပေကျင်း ဇန်နဝါရီ ၃

တရုတ်စာပို့လုပ်ငန်းသည် ၂၀၀၄ ခုနှစ်တွင် စာအိတ်ပေါင်း သန်း၂၀၀ကျော် ပို့ဆောင်ပေးခဲ့ကြောင်း အမြန်ချောစာပို့လုပ်ငန်း (အီးအမ်အက်စ်)က သောကြာနေ့တွင် ပြောကြားသည်။

အီးအမ်အက်စ်၏လုပ်ငန်းပမာဏသည် ယခုနှစ်တွင် ၂၀ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်စဉ် ပို့ဆောင်နိုင်မှု၏ အမြင့်ဆုံး အနေထားသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ တိုးတက်လာမှုမှာ အီးအမ်အက်စ်သည် အမြန်ချောပို့ ဈေးကွက်တွင် ပိုမို၍ ယှဉ်ပြိုင်နိုင်လာခြင်းကို ပြသခြင်းပင် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ စာပို့လုပ်ငန်းသည် ယခုနှစ် နှစ်ဦးပိုင်းမှစ၍ အီးအမ်အက်စ်က အမြင့်ဆုံးအရည်အသွေးမီ ဆောင်ရွက်မှုများပေးခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံရှိ ပထမဆုံးသော အမြန်ချောစာပို့လုပ်ငန်းသည် ပြည်နယ်၂၇ခုရှိ မြို့ကြီး ၁၃၆ မြို့သို့ စာများဖြန့်ဝေပေးနိုင်မှုကြောင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ခဲ့သည်။

အီးအမ်အက်စ်သည် တရုတ်နိုင်ငံ၏ အားကောင်းသော အမြန်ချောစာပို့ကွန်ရက်ကြီး ဖြစ်လာပြီဖြစ်ကြောင်း တရုတ်စာပို့လုပ်ငန်းက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ထုတ်လုပ်

တရုတ်နိုင်ငံရှိ ရှီကျီကျောင်း နိုင်ငံပိုင် အထည်အလိပ်စက်ရုံမှ အထည်အလိပ်များ ထုတ်လုပ်နေသည်ကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အိန္ဒိယတွင် အရန်နိုင်ငံခြားငွေကြေး တိုးတက်မှုရှိ

နယူးဒေလီ ဇန်နဝါရီ ၃

ပြည်ပမှ ရန်ပုံငွေအမြောက်အမြားရရှိမှုအတွက် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးသည် ဒီဇင်ဘာ ၂၄ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၀၂ ဘီလီယံအထိ ရှိလာကြောင်း အိန္ဒိယအရန်ငွေကြေးဘဏ်(အာဘီအိုင်)က စနေနေ့တွင် ပြောကြားသည်။

ယင်းငွေကြေးသည် လွန်ခဲ့သော တစ်ပတ်ကျော်က အိန္ဒိယနိုင်ငံ၌ နိုင်ငံခြားငွေ သန်း ၃၉၄သန်း၏ တိုးတက်မှုတစ်ရပ်လည်းဖြစ်ကြောင်း မွန်ဘိုင်းဗဟိုဘဏ်မှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

ပြောကြား

ပြီးခဲ့သော သီတင်းပတ်ကာလက အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားငွေကြေးသည် ဒေါ်လာ၃၈၃ သန်းရှိရာမှ ဒေါ်လာ ၁၂၅ ဒသမ ၀၅ဘီလီယံ အထိရှိလာကြောင်း ၎င်းဘဏ်က ပြောကြားသည်။

ထိန်းထားနိုင်

ပြီးခဲ့သော သီတင်းပတ်ကုန်ဆုံးချိန် ဒီဇင်ဘာ ၂၄ရက်က အရန်ထားရှိသော ရွှေသည် ၄ ဒသမ ၅၄ ဘီလီယံ ဒေါ်လာဖိုး ရှိသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့တွင် အိန္ဒိယနိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေးသည် ၂၀၀၄ခုနှစ် ဧပြီလ ၅ရက်က တည်းက နိုင်ငံတကာတွင် အကောင်းဆုံး အနေအထားသို့ ထိန်းထားနိုင်ခဲ့ရာ ဒေါ်လာ ၁၁သန်း တိုးမြင့်လာမှုကြောင့် ၁ဒသမ၄၂ဘီလီယံအထိရှိလာသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှန်ဟိုင်းနှင့်ကွမ်တုံ ပြည်နယ်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနေ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရပြီး အဝေးပြေးလမ်းများ ပိတ်ထားရ

ရှန်ဟိုင်း ဇန်နဝါရီ ၃

ရှန်ဟိုင်းနှင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင်ကြာသပတေးနေ့ကစပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းများ အခက်အခဲဖြစ်ခဲ့ရသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် အရေးအကြီးဆုံး ဆက်သွယ်ရေးဒေသဖြစ်သော ရှန်ဟိုင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် ကြာသပတေးနေ့၌ လေကြောင်းခရီးစဉ် ၁၈၃ခုကို ဖျက်သိမ်းခဲ့ရပြီး ခရီးစဉ် ၁၃၃ခု ကြန့်ကြာခဲ့ရသည်။ ပူတောင် သို့မဟုတ် ဟွန်ကျိုအို နိုင်ငံတကာလေဆိပ်၌ ခရီးသည်ထောင်ပေါင်းများစွာ ခရီးသွားလာရေး နှောင့်နှေးခဲ့ရသည်။

ပိတ်ထား

လေကြောင်းခရီးစဉ်များဖျက်သိမ်းရသည့် အဓိကအကြောင်းမှာ လေယာဉ်များ၏ကိုယ်ထည်များပေါ်၌ တင်နေသော ရေခဲများကို ရှင်းလင်းဖယ်ရှားနေရသည့်အတွက်ကြောင့် ဖြစ်ကြောင်း ပူတောင်နိုင်ငံတကာလေဆိပ်မှ ကျင်ဝီကျောင်က ပြောကြားသည်။ ရှန်ဟိုင်းမြို့၏လက်ရှိ အပူချိန်ဒီဂရီမှာ အနုတ်၅ဒီဂရီဆဲလ်စီယာစ်ရှိပြီး ကြာသပတေးနေ့၌ ရာသီဥတု အခြေအနေ ဆိုးရွားမှုကြောင့် လေကြောင်းခရီးစဉ်အများအပြားကို သောကြာနေ့၌ ရပ်ဆိုင်းထားရကြောင်း ကျင်ဝီကျောင်က ပြောကြားသည်။ ရှန်ဟိုင်းနှင့် အနီးရှိနန်ကျင်နှင့် ဟန်ကျိုမြို့ကြီးများကို ဆက်သွယ်ပေးသော အဝေးပြေးလမ်းမကြီးများကို သောကြာနေ့၌ ပိတ်ထားရကြောင်း ရှန်ဟိုင်းမြူနီစီပယ် ဆက်သွယ်ရေးညွှန်ကြားမှုဌာနက ပြောကြားသည်။

ကွမ်တုံပြည်နယ်ရှိ ကျူးဟိုင်းမြို့မှ မြောက်ဘက်သို့သွားသော အဝေးပြေးလမ်းမကြီးတစ်ခုကို ဆီးနှင်းများထူထပ်နေမှုကြောင့် သောကြာနေ့နံနက်ပိုင်း၌ ပိတ်ထားခဲ့ရသည်။ ကွမ်တုံပြည်နယ် အရှေ့မြောက်ပိုင်း၌ အပူချိန်ဒီဂရီသည် အနုတ် ၂ဒီဂရီ ဆဲလ်စီယာစ်ထိကျဆင်းခဲ့ရာ ခါတိုင်းထက်ပိုအေးခဲ့သည်။ အိမ်ရာမရှိသူများနှင့် သက်ကြီးရွယ်အိုများအတွက် ကွမ်ကျိုး၊ ရှန်ကျင်းနှင့် ကျူးဟိုင်းမြို့များတွင် အမိုးအကာများကို ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ထူထောင်ပေးထားရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပနားမားနိုင်ငံ ပနားမားစီးတီးမြို့တွင် ပနားမားတူမြောင်းအတွင်း ဝင်ရောက်မည့် ဂျပန်နိုင်ငံမှ မော်တော်ကားများတင်ဆောင်လာသောသင်္ဘော တစ်စင်းကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်ဘုရင်၏သမီးတော် ဆာယာကို လာမည့်နွေရာသီအကုန်တွင် လက်ထပ်မည်

တိုကျို ဇန်နဝါရီ ၃

ဂျပန်ဘုရင် အကီဟီတို၏ တစ်ဦးတည်းသော သမီးတော်ဖြစ်သူ မင်းသမီးဆာယာကိုသည် ငယ်စဉ်ကလေးဘဝမှစပြီး သူငယ်ချင်းဖြစ်ခဲ့သူ တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့၌ အမှုထမ်းနေသည့် ယိုရှိကီ ကူရိုဒါနှင့် လာမည့်နွေရာသီကုန်ဆုံးချိန်တွင် လက်ထပ်တော့မည်ဖြစ်ကြောင်း ဘုရင့်မိသားစု၏ ဘဏ္ဍာထိန်း တိုရှီယိုယူအာဆာက ကြာသပတေးနေ့၌ ကြေညာသည်။

မင်းသမီး နိုရီဟုထင်ရှားသော ဆာယာကို (၃၅)နှစ်နှင့် ကူရိုဒါ (၃၉)နှစ်တို့ နှစ်ဦးသည် ဘုရင့်မိသားစု ဥပဒေနှင့်အညီ ၎င်းတို့၏ လက်ထပ်ထိမ်းမြားမှုကို မကြေညာမီ ရိုးရာအခမ်းအနားအချို့ ရှိနေဆဲရှိမည်ဖြစ်သည်။ ဘုရင်အကီဟီတိုနှင့် မိဖုရား မီချိကိုတို့၏ သားသမီးသုံးဦးတွင် အငယ်ဆုံးဖြစ်သော မင်းသမီးဆာယာကိုသည် နောက်ဆုံး အိမ်ထောင်ပြုသူ ဖြစ်သည်။

ကူရိုဒါသည် မင်းသမီးဆာယာကို၏ အစ်ကိုတော်နှစ်ဦးအနက် အစ်ကိုငယ်ဖြစ်သူ မင်းသားအကီရှိနိုနှင့် သူငယ်ချင်းဖြစ်ပြီး၊ ဆာယာကိုနှင့် ကူရိုဒါတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး သိကျွမ်းခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

သူငယ်ချင်းဖြစ်

ကူရိုဒါနှင့် မင်းသားအကီရှိနိုတို့သည် တိုကျိုမြို့ရှိ ဂါကူရှူအင်တက္ကသိုလ်၌ တစ်တန်းတည်းသား သူငယ်ချင်းများ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ် ဒေါ်လာ ၅၅ဘီလီယံရှိမည်

အဘူဒါဘီ ဇန်နဝါရီ ၃

အီရတ်နိုင်ငံသည် ၂၀၀၅-၂၀၀၇ ခုနှစ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံခန့်လိုအပ်မည်ဖြစ်ကြောင်း ခါလစ်ဂျ်တိုင်းမ်သတင်းစာကသောကြာနေ့တွင် သတင်းဖော်ပြခဲ့သည်။

ဒူဘိုင်းကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအသင်း၌တင်ပြရာတွင် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)၌ ရောက်ရှိနေသော အီရတ်စီမံကိန်းဝန်ကြီးနှင့် မဟာဗျူဟာပြန်လည်သုံးသပ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ မာဒီဟာဖစ်ဒ်က ခန့်မှန်းတင်ပြခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်းစာက ရေးသားသည်။ လက်ရှိအခြေအနေ၌ နိုင်ငံအတွင်းရှိ ပြည်တွင်းအရင်းအမြစ်များသည် ၂၀၀၅-၂၀၀၇ဘတ်ဂျက်နှစ်အတွင်း ဖော်ပြခဲ့သော ပမာဏ၏ထက်ဝက်မျှကို အကြမ်းဖျင်းငွေကြေးပံ့ပိုးနိုင်ရာ လိုအပ်ချက်သည် အီရတ်နိုင်ငံက ပေးနိုင်သည်ထက်ပိုများကြောင်း ဟာဖစ်ဒ်က ပြောကြားခဲ့သည်ဟု သတင်းစာက ကိုးကားရေးသားသည်။

အီရတ်နိုင်ငံ၏ ဝင်ငွေအရင်းအမြစ်များမှာ ရေနံအပေါ်အမှီပြုကြောင်း၊ ရေနံမှရသောဝင်ငွေသည် နိုင်ငံဘတ်ဂျက်၏ ၉၅ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း ဟာဖစ်ဒ်က ပြောကြားသည်။ စစ်ပွဲအတွင်း ထိခိုက်ပျက်စီးခဲ့သည့် ရေနံပိုက်လိုင်းများ ပြန်လည်ပြုပြင်သည့် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံရှိမည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ်ပေါ်ထွန်းလာနေပြီ ပြည်သူတိုင်းလိုလားတောင့်တနေကြသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက အင်တိုက်အားတိုက်ပါဝင်

အမှာစကားပြောကြား

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့်ဧည့်သည်တော်များအားလုံး **လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ကြပါစေ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာအောင် တက်ညီလက်ညီ အားကြိုးမာန်တက် တည်ဆောက်နိုင်ကြပါစေ**လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

များစွာဝမ်းမြောက်ဂုဏ်ယူ

ဒီနှစ်ကျင်းပပြုလုပ်တဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲအသီးသီးမှာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်၊ လွတ်လပ်ရေးရဲ့အဓိပ္ပာယ်၊ လွတ်လပ်ရေးရဲ့အနှစ်သာရ၊ လွတ်လပ်ရေးရဲ့တန်ဖိုးနဲ့ လွတ်လပ်ရေးကို အစဉ်အမြဲအလေးအမြတ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပုံတို့ကို အချက်အလက်အကိုးအကားစုံလင်စွာနဲ့ ရေးသားသရုပ်ဖော်တင်ပြနိုင်ကြတဲ့ ကျောင်းသားကျောင်းသူများကို အခုလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းဟာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်တဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ဒီနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်အဖြစ်–

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး**

ဆိုတဲ့အမျိုးသားရေး ဦးတည်ချက်များကိုချမှတ်ပေးခဲ့ပါတယ်။

အသက်နဲ့လဲကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိတဲ့ ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမတွေဟာ သမိုင်းမတင်မီကာလကတည်းက အေးအတူ ပူအမျှ၊ ဉမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့မျိုးချစ်စိတ်ဓာတ်တို့ဟာလဲ ခေတ်အဆက်ဆက် ရှင်သန်ဖွံ့ဖြိုးခဲ့ပါတယ်။ အမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အထိပါးမခံဘဲအသက်နဲ့လဲပြီး ကာကွယ်ခဲ့ကြပါတယ်။

နိုင်ငံတော်ရဲ့ စည်းလုံးညီညွတ်ရေးခိုင်မာတဲ့ကာလတွေမှာ နိုင်ငံတော်ရဲ့ အင်အားဟာ အလွန်တောင့်တင်းခိုင်မာပြီး အိမ်နီးချင်းနိုင်ငံများက လေးစားခံ့ညားခဲ့ရပါတယ်။ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့မှာ စည်းလုံးညီညွတ်တဲ့ နိုင်ငံတော်ကြီးအဖြစ် သုံးကြိမ်တိုင်တိုင် တည်ထောင်နိုင်ခဲ့တာကို သမိုင်းမှာအထင်အရှားတွေ့နိုင်ပါတယ်။

မြန်မာနိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဟာ နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုးတဲ့စိတ်၊ ရိုးရာဓလေ့ကို တန်ဖိုးထားတဲ့စိတ်၊ နိုင်ငံနဲ့လူမျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့စိတ်ဆိုတဲ့ စိတ်ဓာတ်ကောင်းတွေနဲ့ ပြည့်စုံတဲ့အတွက် အသက်သွေးချွေးတွေနဲ့ စတေးပြီး ဆုံးရှုံးခဲ့တဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

၂၀၀၄ခုနှစ် နိုဝင်ဘာလ၁၇ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးမှာအသင်းနာယကကြီးဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမိုတ်မသုန် ယုံကြည်တယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောလိုတယ်

လို့လမ်းညွှန်မြွက်ကြားခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မြွက်ကြားချက်နဲ့အညီ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မိမိတို့ရဲ့စွမ်းပကားကို အပြည့်အဝအသုံးချပြီး အားသွန်ခွန်စိုက်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ယခုအခါမှာဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားမူဝါဒအဖြစ်ချမှတ်ပြီး တစ်မျိုးသားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်တဲ့ အမိနိုင်ငံတော်ကြီးဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာနေပြီဖြစ်ပါတယ်။

ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်ကို ရယူခဲ့ရတဲ့အချိန်ကစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကိုဦးစားပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စီမံကိန်းတွေချမှတ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေကိုလဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့တာကြောင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများဟာ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေးကဏ္ဍမှာလဲ မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေး၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးပေါ်ထွန်းလာဖို့ အဘက်ဘက်မှာ စီမံကိန်းတွေရေးဆွဲပြီး အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိပါတယ်။ စီးပွားရေးကဏ္ဍမှာ လယ်ယာကဏ္ဍရဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်နေသလို စက်မှုကဏ္ဍမှာလဲ စက်မှုလုပ်ငန်းကြီးများရဲ့ စွမ်းဆောင်မှုအရည်အသွေးမြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံတစ်ခုဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတစ်ဝန်းလုံးမှာ မြို့ချင်းဆက်၊ ရွာချင်းဆက်လမ်းများကစပြီး လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ ဖြန့်ကြက်တည်ဆောက်ပေးခြင်း၊ ရထားလမ်းသစ်များ၊ လေဆိပ်သစ်များ တိုးချဲ့ခြင်းစတဲ့ လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။

ပညာရေးကဏ္ဍမှာ အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀နှစ်ရှည် စီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ယခုအခါ အခြေခံပညာကဏ္ဍမှာ ကျောင်းပေါင်းလေးသောင်းငါးရာကျော်အထိ တိုးတက်လာပြီး အဆင့်မြင့်ပညာကဏ္ဍမှာ တက္ကသိုလ် ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သင်ကြားရေးအစီအစဉ်မှာလဲ ဘာသာရပ်များ တိုးချဲ့သင်ကြားနိုင်ပြီး ဘာသာရပ်အသီးသီးမှာ ပါရဂူဘွဲ့ရပညာရှင်များကို မွေးထုတ်ပေးနေပြီဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍမှာလဲ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာသင်ကြားမှုကို တိုးချဲ့မြှင့်တင်ခြင်း၊ ဆေးရုံ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံများအဆင့်မြှင့်ခြင်း၊ ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်ခြင်း၊ တိုင်းရင်းဆေးပညာတက္ကသိုလ်တစ်ခုနဲ့ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ဆက်သွယ်ရေးကဏ္ဍမှာလဲ နိုင်ငံတကာမှာတိုးတက်ပြောင်းလဲနေတဲ့ သတင်းနဲ့ဆက်သွယ်ရေးဆိုင်ရာနည်းပညာသစ်တွေကိုအသုံးပြုပြီး နိုင်ငံတကာဆက်သွယ်ရေးကွန်ရက်မှာ လိုက်လျောညီထွေချိတ်ဆက်ထားနိုင်ပြီဖြစ်ပါတယ်။

ယနေ့ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အခိုင်အမာချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ပြည်သူတိုင်း လိုလားတောင့်တနေကြတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက အင်တိုက်အားတိုက်ပါဝင်ဖို့ လိုအပ်ပါတယ်။

ဒီနေ့ ကျောင်းသားကျောင်းသူ လူငယ်များအနေနဲ့ လွတ်လပ်ရေးရဲ့အဓိပ္ပာယ်နဲ့အနှစ်သာရကို သိရှိနားလည်သဘောပေါက်စေဖို့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ ကျင်းပပြုလုပ်ခဲ့တာဟာ ဒီနှစ်ပါဆိုရင် (၁၄)ကြိမ်ရှိပြီဖြစ်ပါတယ်။ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကတော့ ဒီပြိုင်ပွဲပါဆိုရင် (၁၃)ကြိမ်ရှိပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲကတော့ ကိုးကြိမ်ရှိပြီဖြစ်ပါတယ်။

ဒီနှစ်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **လွတ်လပ်ရေးအမွေ အမြဲတည်တံ့စေ**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **ပညာရေးဖြင့်တည်ဆောက်နေသောနိုင်ငံတော်**၊ အခြေခံပညာအထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **၂၁ရာစု မြန်မာနိုင်ငံ**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **လွတ်လပ်ရေးနှင့်အမျိုးသားရေးတာဝန်**၊ အခြေခံပညာအလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်အဖြစ် **လွတ်လပ်ရေးနှင့်မျိုးချစ်စိတ်ဓာတ်**၊ ကဗျာပြိုင်ပွဲခေါင်းစဉ်အဖြစ် **တို့ပြည်ကို တို့ချစ်သည်** ဆိုတဲ့ ခေါင်းစဉ်တွေကို သတ်မှတ်ခဲ့ပြီး ပြိုင်ပွဲများကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ဒီနှစ်တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံဆင့် ယှဉ်ပြိုင်သူ နှစ်ထောင်ရှစ်ရာသုံးဆယ်ဦး၊ အခြေခံပညာအထက်တန်းဆင့် ယှဉ်ပြိုင်သူ တစ်သိန်းနှစ်သောင်းနှစ်ထောင်လေးရာ လေးဆယ်ဦး၊ အခြေခံပညာအလယ်တန်းဆင့်ယှဉ်ပြိုင်သူ နှစ်သိန်းတစ်သောင်းခြောက်ထောင် သုံးဆယ်ဦး ဖြစ်၍ ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ စုစုပေါင်း သုံးသိန်းလေးသောင်း တစ်ထောင့်သုံးရာဦး ဖြစ်ပါတယ်။

ဒီနှစ်အတွက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွေမှာ ကျောင်းသား ကျောင်းသူများအနေနဲ့ အဆင့်တိုင်းမှာတက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တစ်နှစ်ထက်တစ်နှစ် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်မြင့်မားလာကြောင်း ဂုဏ်ယူအားရဖွယ်ရာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဥဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်ကဗျာပြိုင်ပွဲ၌ ပထမဆုရရှိသော ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ တတိယနှစ် အမ်ဘီဘီအက်စ်ကျောင်းသား မောင်သီဟထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အခမ်းအနားတွင် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားသည်။

[ဗဟိုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အမှာစကားကို သီးခြားဖော်ပြထားပါသည်။]

ယင်းနောက် ၂၀၀၅ ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ရာ အခြေခံပညာအလယ် တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်မင်းစိုး၊ ဒုတိယ ဆုရ ပုသိမ်မြို့ အမှတ်(၁)အခြေခံ ပညာအလယ်တန်းကျောင်း ဆဋ္ဌမ တန်းမှ မောင်ကျော်ခိုင်ထက်နှင့် တတိယဆုရ ကလေးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မအိမ့်စန္ဒီကျော်တို့အား လည်းကောင်း၊ အခြေခံပညာအလယ် တန်းနှင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ မြိတ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မောင်သန့်အောင်ဖြိုး၊ ဒုတိယဆုရ ရေနံချောင်းမြို့ လည်ပေါ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မောင်ကြည်မြင့်ထွန်း နှင့် တတိယဆုရ စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း သတ္တမတန်းမှ မောင်သာနိုး တို့အားလည်းကောင်း ဆုများချီးမြှင့် သည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်းဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်း ကျောင်း ဆဋ္ဌမတန်းမှ မောင်ကျော် ထက်နောင်၊ ဒုတိယဆုရ မော်လမြိုင် မြို့ အမှတ်(၄) အခြေခံပညာအလယ် တန်းကျောင်း သတ္တမတန်းမှ မောင်နိုင် အုပ်ကျော်နှင့် တတိယဆုရ စစ်တွေ မြို့ အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်း သတ္တမတန်းမှ မောင် ကောင်းမြတ်ထူးတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းဆင့် စာစီ စာကုံးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း နဝမတန်းမှ မမေဇွန်ဖူး၊ ဒုတိယဆုရ ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မအိမ့်မြတ်သွယ်နှင့် တတိယဆုရ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မနှင်းဝေဝေလင်းတို့အား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအထက် တန်းဆင့် ကဗျာပြိုင်ပွဲတွင် ပထမ ဆုရ ရေနံချောင်းမြို့ လည်ပေါ် အမှတ် (၃)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မစုစန္ဒီသွေး၊ ဒုတိယ ဆုရ သုံးဆယ်မြို့ အခြေခံပညာအထက် တန်းကျောင်း အဋ္ဌမတန်းမှ မဝင့်ဝါ ဖြိုးနှင့် တတိယဆုရ ပုသိမ်မြို့ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မပေမာနွယ်ဝင်းတို့ အား လည်းကောင်း၊ အခြေခံပညာ အထက်တန်းဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ပထမဆုရ လမ်းမတော် မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မသရဖူအောင်၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်း အဋ္ဌမတန်းမှ မောင်ဇေတိက မောင်မောင်မြင့်နှင့် တတိယဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်း အဋ္ဌမတန်းမှ မအေးဖြူငြိမ်း တို့အားလည်းကောင်း ဆုများချီးမြှင့် သည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ရွှေတောင်မြို့ အခြေခံပညာအထက် တန်းကျောင်း အဋ္ဌမတန်းမှ မဆုမွန် သာ၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မထိပ်ထားတင်နှင့် တတိယဆုရ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ဇေတိက မောင် မောင်မြင့်တို့အား လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယနှစ်(ဘီအီးဒီ) မသက်ဝေလှိုင်၊ ဒုတိယဆုရ မြောင်းမြမြို့ စိုက်ပျိုးရေး သိပ္ပံ ဒုတိယနှစ်မှ နော်ရှားရိဖော့နှင့် တတိယဆုရ ရေဆင်းမွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)အကြီးတန်းမှ မောင်စည်သူ အောင်တို့အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်ဆေးတက္ကသိုလ်(၂)တတိယနှစ် အမ်ဘီဘီအက်စ်မှ မောင်သီဟထွန်း၊ ဒုတိယဆုရ ပြင်ဦးလွင် စစ်တက္ကသိုလ် ကွန်ပျူတာ ဒုတိယနှစ်မှ ဗိုလ်လောင်း ဉာဏ်ပိုင်စိုးနှင့် တတိယဆုရ ပြင်ဦး လွင် တပ်မတော်နည်းပညာတက္ကသိုလ် စတုတ္ထနှစ် စက်မှုအင်ဂျင်နီယာမှ ဗိုလ်လောင်းဘိုဘိုအောင်တို့အား လည်း ကောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံဆင့် ရုပ်မြင်သံကြားဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ) အငယ် တန်းမှ မောင်မျိုးမင်းမင်း၊ ဒုတိယဆုရ ဒဂုံတက္ကသိုလ် မြန်မာစာ(ပထမနှစ် မဟာဝိဇ္ဇာ)မှ မောင်နေလင်းဝေနှင့် တတိယဆုရ သန်လျင်မြို့ ရန်ကုန် သမဝါယမဒီဂရီကောလိပ် ဒုတိယနှစ် စီးပွားရေးသိပ္ပံမှ မောင်လှအောင် တို့အား လည်းကောင်း ဆုများချီးမြှင့် သည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁***

၂၀၀၅ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ် ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ် စမ်းပဟေဠိနှင့် ကွန် ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော် မတီ ဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ် လျဉ်း၍ ရှင်းလင်းတင် ပြစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခြေခံပညာအထက်တန်းဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ပထမဆုရရှိသော လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မသရဖူအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တွင် ဆုရကျောင်းသားကျောင်းသူ များ ကိုယ်စား မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသူ မအေးဖြူငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြော ကြားစဉ်။ (သတင်းစဉ်)

5-1 (06).p65 1 3/28/05, 12:04 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတမစ္စတာခမ်တေး ဆီဖန်ဒုံထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် မိမိကြည်နူးဝမ်းသာမှု ဖြစ်ရပါကြောင်း၊ အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သပါကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုနှင့် အိမ်နီးချင်းကောင်း ပီသမှုတို့သည် ဆက်လက်ခိုင်မာရှင်သန်မည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာစေရန် မိမိ ဆုမွန်ကောင်း ပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာချောင်မာလေဆိုင်ရာဆုန်ကလည်းကောင်း၊ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘောင်ညံဗိုရာချစ်ကလည်းကောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာကျူဒင်အာမက်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိလှိုက်လှဲပျူငှာစွာ နှုတ်ခွန်းဆက်သပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးအတွက် မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံ၏ ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များတွင် ပိုမို၍ ခိုင်မာကျစ်လျစ်မှုရှိမည် ဖြစ်ပါကြောင်း၊ အဆွေတော် ပျော်ရွှင်ကျန်းမာစေရန် မိမိဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဘီဂမ်ခါလီဒါဇီယာထံမှလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ပါကစ္စတန်အစ္စလမ္မစ်သမ္မတနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပါကစ္စတန်အစ္စလမ္မစ် သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြည်နူးစွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုရှိပါကြောင်း၊ အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ ဆက်လက်၍ ကြီးပွားချမ်းသာစေရန်အတွက် မိမိဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့ ပါကစ္စတန် အစ္စလမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။ ***(ဆက်လက်ဖော်ပြပါမည်။)***

ရွှေလီကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ ဗထူးတပ်နယ်မှုဗိုလ်မှူးချုပ်ဇော်ဝင်းတက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဇော်ဂျီကွက်သစ် ရွှေလီလမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးကြည်စောက လမ်းသစ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရပ်စောက်မြို့နယ် စည်ပင်သာသာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းတံတား ငါးခု၊ မြို့ရေပေးရေး နှစ်ခု၊ ကျေးလက်လမ်းတံတားလေးခု၊ ကျေးလက်ရေပေးရေးနှစ်ခုတို့ကို စုစုပေါင်း ငွေကျပ် ၇၂ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် လမ်းသစ်မှာ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၁၂၇၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးကို ထိန်းသိမ်းပါ

* နယ်ချဲ့လက်အောက်
ရောက်ခဲ့နှစ်နှစ်၊ ကျွန်အဖြစ်လျှင်
နှစ်တစ်ရာကျော်မျှ၊ နေခဲ့ရသည့်
မြန်မာ့မြေကား၊ လွန်ခေါင်းပါးသည့်
တံတားစင်းရေ နည်းပါးလှ။
သွားလာဆက်သွယ် ခက်ခဲစွ။

* ကျွန်းသစ်ရေနံ၊ စပါးဆန်နှင့်
ကျောက်သံပတ္တမြား၊ သယ်ယူသွားကြ
ကြီးပွားချမ်းသာ၊ သူတို့မှာတည့်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
စားရသည်က မဝတဝ။
ဝတ်ရသည့်က ဖျင်ကြမ်းမျှ။
နေရသည်က တဲကုပ်ပ။

* ပြည်ထောင်စုဖွား၊ တိုင်းရင်းသားချင်း
သွားလာဆက်ဆံ၊ ကူးသန်းပြန်လျှင်
ရှင်သန်အသိ၊ နိုးကြားဘိလျက်
မျက်စိပွင့်မှာ၊ နားပွင့်မှာကို
များစွာနယ်ချဲ့၊ စိုးရိမ်ခဲ့၏
သွားမယ့်ခရီး၊ အနီးလေးပင်
အဝေးထင်အောင်
ဖောက်ထွင်ခဲ့သည့် ကားလမ်းကျယ်။
မဆိုစလောက် အနည်းငယ်။

* လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်တည့်
သည်နေ့ခါသော်၊ တပ်မတော်က
မြော်မြင်ကြီးမား၊ ဆောက်တည်ထား၍
သွားလာဆက်သွယ်၊ အလွန်လွယ်၏
ကျယ်သည့်မြစ်ပြင်၊ တံတားဆင်၏
ချစ်ခင်နှီးရင်း၊ သွေးချင်းတို့ရပ်
မလစ်လပ်အောင်
နယ်စပ်စည်ပင်၊ အလှဆင်သည်
စာသင်ကျောင်းနှင့် ဆေးခန်းများ။
မိုးထိမြင့်မား ဆောက်အုံများ။
တိုးတက်အံ့မခန်း ပါတကား။

* အို...ပြည်သူများ၊ သတိထားလော့
ဒို့များတိုင်းပြည်၊ စည်ပင်ဖွံ့ဖြိုး
တိုးတက်မည်ကို၊ ရှုမြင်လိုခြင်း
မရှိကင်းသည့်
“ပြည်တွင်း ပြည်ပ၊ ပြောသမျှကို
ပြည်တွင်း ပြည်ပ၊ ကြံသမျှကို
မရလျှင်ဖွဲ့၊ ရလျှင်ချဲ့မည့်
နယ်ချဲ့လက်သစ်၊ အကြံညစ်ကို”
ဆန်းစစ်သေချာ ရှုမြင်ကာ။
လွတ်လပ်ရေးကို ထိန်းသိမ်းပါ။
ပြည်သူအားလုံး ဒို့ဝန်တာ။ ။

ခွန်ရဲသွေး(အေးသာယာ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေး မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မည်

တိုင်းရင်းသားပြည်သူများအားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် နယ်ချဲ့ကိုလိုနီတို့၏ သွေးခွဲ အုပ်ချုပ်မှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားလျော့ခဲ့ရပြီး အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆုံးရှုံးခဲ့ရသည်။

၁၉၄၈-၄၉ ခုနှစ်၊ ၁၉၅၈ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ် နိုင်ငံတော်၏အခြေအနေများသည် နိုင်ငံတော်၏ လွတ်လပ်ရေး ဆုံးရှုံးနိုင်သည်အထိ ပြည်တွင်းပဋိပက္ခများ၊ မငြိမ်သက်မှုများ ဖြစ်ခဲ့သည်။ အဆိုပါကာလများတွင် တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏အကျိုးအတွက် နိုင်ငံတော်၏တာဝန်ကို ယူခဲ့ရသည်။

တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ကို ယူခဲ့ရသည့် အချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေး ဦးတည်ချက် (၄)ရပ်ချမှတ်ကာ နေ့မအား ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင် အထည်ဖော်ခဲ့သည်။

ထိုဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ မမိုတ်မသုန် အလေးအနက်ထား အကောင်အထည်ဖော်ခဲ့သည်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတွင် အဓိကအကျဆုံး လိုအပ်ချက်သည် အမျိုးသားစည်းလုံး ညီညွတ်ရေးဖြစ်သည်ဟု နိုင်ငံတော် အစိုးရက မမိုတ်မသုန်ယုံကြည်ထားသည်။ ထိုသို့ယုံကြည်ထားသည့်အလျောက် တပ်မတော်သည် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ရယူပြီးသည့်နောက် ပထမဆုံး ဦးစားပေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်ကြီးသည် တောတွင်း လက်နက်ကိုင် အင်အားစုများနှင့် ငြိမ်းချမ်းမှုရရှိရေးပင်ဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏ အရေးအကြီးဆုံးသော လိုအပ်ချက်အဖြစ် တိုင်းရင်းသားအားလုံးက တညီတညွတ်တည်း ရှုမြင်ခဲ့ကြသောကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်သည် အောင်မြင်လာခဲ့သည်။ အချင်းချင်းယုံကြည်မှုဖြင့် လက်တွဲကြိုးပမ်းခဲ့ကြသဖြင့် နယ်စပ်ဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုသည် သိသိသာသာ တိုးတက်လာခဲ့သည်။

ထို့နောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးဆောင်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို နိုင်ငံတော်အစိုးရသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံ ပြည်သူများနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသည် သမိုင်း၏ လိုအပ်ချက်ဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုအားလုံး စေတနာမှန်ဖြင့် ဖော်ဆောင်ခဲ့သောကြောင့် ဖွံ့ဖြိုးမှုရလဒ်များ သိသာစွာပေါ်ထွန်းလာခဲ့သည်။ ဖွံ့ဖြိုးမှုနှင့်အတူ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းများလည်း တစ်ပါတည်း ဖွံ့ဖြိုးခိုင်မာလာခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအပြင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တို့ကိုချမှတ်ပြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဆည်မြောင်းတာတမံ အသစ် ၁၆၉ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခု တည်ဆောက်ပေးခဲ့ပြီး ဆက်လက်၍ ဆည်မြောင်းစီမံကိန်း ၃၆ ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။

၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးတွင် လျှပ်စစ်စွမ်းအားထုတ်လုပ်မှု ပမာဏ ၇၀၇ မဂ္ဂါဝပ်သာရှိခဲ့သည်။ နိုင်ငံတော် အစိုးရသည် ၁၀ နှစ်ကျော်ကာလအတွင်း နောက်ထပ် ၈၄၂ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးခဲ့ပြီး ဖြစ်သည်။

၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးတွင် လမ်းမိုင် ၂၁၄၈၃ မိုင်သာ ရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်တွင် လမ်းမိုင် ၅၆၆၉၅ မိုင် ဖောက်လုပ်ခဲ့သည့်အတွက် လမ်းမိုင် ၃၅၂၁၂မိုင် တိုးတက်လာခဲ့ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသည့် ရထားလမ်းအသစ် ၁၁၂၈မိုင်ဖောက်လုပ်ခဲ့ပြီး ယခုအခါ ရထားလမ်း ၃၉၂၁ မိုင်အထိ ရှိနေပြီဖြစ်သည်။ လိုအပ်သည့်နေရာများတွင် တံတားများကိုလည်း တည်ဆောက်ပေးခဲ့သည်။

လေဆိပ်အသစ် ၁၂ ခုကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်း အပါအဝင် လေယာဉ်ကွင်း ၃၃ ကွင်းအထိ ရှိလာပြီဖြစ်သည်။

ယခုအခါ အခြေခံပညာကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံး အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူခွင့်ရရှိရေးကို စီမံကိန်း ချမှတ်ဆောင်ရွက်နေသည်။ စီမံကိန်း၏ရလဒ်အဖြစ် ၁၉၈၈ ခုနှစ်က မူလတန်းအဆင့် ကျောင်းဝင်နှုန်း ၇၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခု ၂၀၀၄ ခု ပညာသင်နှစ်တွင် ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ ခုနှစ်က စာတတ်မြောက်မှုနှုန်း ၇၈ ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၀၄ ခုနှစ်တွင် ၉၃ ဒသမ ၃ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အဆင့်မြင့်ပညာ သင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာ ရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်တွင် ကိုးသိန်းခန့်အထိ သိသိသာသာ တိုးတက်လာခဲ့သည်။ ဘာသာရပ်ပေါင်းစုံ တိုးချဲ့သင်ကြားနိုင်ရေး၊ ဘွဲ့လွန်ပညာတွင် ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထက်မင်းလှ ညွှန့်အောင်

ယခုအခါ တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုအထိ ဖွင့်လှစ်ပေးခဲ့သောကြောင့် ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်လျှင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၅ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

၁၉၈၈ ခုနှစ်၌ ဆေးရုံ ၆၃၁ ခုသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၈၁၃ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့၍ ၁၈၂ ခု တိုးတက်လာသည်ကို တွေ့ရသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်နိုင်ရန် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေး တောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသည့် လိုအပ်ချက်များ ဖြစ်သည်။

နိုင်ငံတော်ကို ဘက်ပေါင်းစုံဖွံ့ဖြိုးလာအောင် ဒေသစုံ၊ ကဏ္ဍစုံတွင် အဘက်ဘက်က ရင်းနှီးမြှုပ်နှံ တည်ဆောက်နေခြင်းသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ် ချမှတ်ပေးနေခြင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်နိုင်ရန် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စီးပွားရေး တောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသည့် လိုအပ်ချက်များ ဖြစ်သည်။

နိုင်ငံတော်ကို ဘက်ပေါင်းစုံဖွံ့ဖြိုးလာအောင် ဒေသစုံ၊ ကဏ္ဍစုံတွင် အဘက်ဘက်က ရင်းနှီးမြှုပ်နှံ တည်ဆောက်နေခြင်းသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ် ချမှတ်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဆင့်ဆင့်မှာ–

- **ပထမအဆင့်**တွင် ၁၉၉၆ ခုနှစ်မှစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည် ကျင်းပခြင်း၊
- **ဒုတိယအဆင့်**တွင် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် ဆောင်ရွက်ခြင်း၊
- **တတိယအဆင့်**တွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊
- **စတုတ္ထအဆင့်**တွင် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း၊
- **ပဉ္စမအဆင့်**တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊
- **ဆဋ္ဌမအဆင့်**တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်း၊
- **သတ္တမအဆင့်**တွင် လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့်အာဏာပိုင်အဖွဲ့များက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ အနာဂတ်မျှော်လင့်ချက်ဖြစ်သည်။ ပြည်သူတို့ လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်း ဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ရန်ကုန်၊ မန္တလေး၊ ဘားအံ၊ မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်၊ မကွေး၊ စစ်တွေ၊ မော်လမြိုင်၊ ပြည်၊ ကျိုင်းတုံ၊ မုံရွာ၊ ဟားခါး၊ မြိတ်နှင့် လားရှိုးမြို့တို့၌ အသီးသီးကျင်းပခဲ့သည်။

ဒေသအသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည့် လူထုအစည်းအဝေးများတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရေးကို တစ်ခဲနက် ဆုံးဖြတ်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသအသီးသီးမှ ပြည်သူလူထုအားလုံး၏ဆန္ဒနှင့် ဆုံးဖြတ်ချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုစည်းပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး သန္နိဋ္ဌာန်ချမှတ်နိုင်ကြရန် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံ စေတီခြေတော်ရင်းရှိအားကစားကွင်း၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ပြည်သူလူထု ကိုယ်စားလှယ်များ တစ်ခဲနက် တက်ရောက်ခဲ့ကြသည်။

အဆိုပါ လူထုအစည်းအဝေးကြီးတွင် **"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်း ကာကွယ်ရေး"** ဟူသော အဆိုနှစ်ရပ်ကို ပုဂံလူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထု အပေါင်းတို့က တညီတညွတ်တည်း သဘောတူ ထောက်ခံခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်၍ အဆင့်အလိုက်ဆောင်ရွက်ရာတွင် ပထမအဆင့်လည်းဖြစ်၊ အရေးအကြီးဆုံး အဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မတီများအလိုက် လုပ်ငန်းအစီအစဉ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စေရန် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံ ပုံနှိပ်စက်များကြည့်ရှုစစ်ဆေး စက်များကြံ့ခိုင်ရေးနှင့်ရေရှည်ခံအောင်ကိုင်တွယ်သုံးစွဲရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံသို့ သွားရောက်၍ ပုံနှိပ်စက်များနှင့် ပုံနှိပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

စစ်ဆေးကြည့်ရှု

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိကြရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး Pre-Pressဆိုင်ရာ စက်နှင့် စက်ပစ္စည်းများဖြစ်သော အရောင်ခွဲစက် (Flat Bed Scanner Esko Scan Mate 14)နှင့် ဖလင်ထုတ်စက် (Internal Drum Film Image Setter)(Dot Mate 6500)တို့ကိုလည်းကောင်း၊ Shinohara အမျိုးအစားနှစ်ရောင်ရိုက်ပုံနှိပ်စက်တို့ကိုလည်းကောင်း စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

လေ့ကျင့်မွေးထုတ်

ထို့နောက် ဝန်ကြီးက စက်များ ရေရှည်ခံအောင် ကိုင်တွယ်သုံးစွဲရေး၊ ကြံ့ခိုင်ရေး၊ ပုံမှန်ဆောင်ရွက်ရေး၊ ထုတ်လုပ်သော ပုံနှိပ်လုပ်ငန်းများ၏ အသွင်သဏ္ဌာန်နှင့် အရည်အသွေးကောင်းမွန်ရေး၊ ခေတ်မီစက်များ ရှိပြီဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များက အပ်နှံသည့် အဆင့်မြင့်ပုံနှိပ်လုပ်ငန်းများ လက်ခံဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ ခါးဆက်မပြတ်အောင် လေ့ကျင့်မွေးထုတ်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်လုံခြုံရေးတို့ကို သတိပြုကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှုကို စစ်ဆေးပြီး ကျောင်းသုံးစာအုပ်များပုံနှိပ်မှုကို လျာထားချက်အတိုင်း ၂၀၀၅ ခုနှစ် မတ်လကုန် အပြီးထုတ်လုပ်နိုင်ရေးနှင့် တစ်ဖက်မှလည်း အရည်အသွေးကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်ရေး၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းရေး၊ ရိုက်နှိပ်ပြီးသော ကျောင်းသုံးစာအုပ်များကို ပညာရေးဝန်ကြီးဌာနသို့ အသုတ်လိုက်လွှဲပြောင်းပေးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

နိဂုံးချုပ်အနေနဲ့ ခုလို ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပပြုလုပ်ခဲ့တဲ့ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲနဲ့ ကွန်ပျူတာပန်းချီပြိုင်ပွဲတွေမှာ ဆုရတဲ့ကျောင်းသား ကျောင်းသူများသာမက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူအားလုံးနဲ့ လူငယ်ထုတစ်ရပ်လုံးဟာ–

- **အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအောင်မြင်အောင် ကျရာကဏ္ဍက ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြပါ၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး တိုင်းရင်းသားအားလုံးနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် အစဉ်အမြဲ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဦးတည်ချက်များနဲ့အညီ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အစဉ်အမြဲ ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုတဲ့ စိတ်ကောင်းစိတ်မြတ်များ ပိုမိုရှင်သန် ထက်မြက်လာအောင် မွေးမြူလေ့ကျင့်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုမှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ၊ တိုင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၁၆ဖွဲ့မှ ကိုယ်စားလှယ်များ၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ စုစုပေါင်းအင်အား ၇၅၀ကျော်ကလည်း နေရာယူထားကြသည်။

ရှေးဦးစွာ နံနက်၄နာရီ မိနစ်၂၀တွင် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော် အလံတင်အခမ်းအနားကို ကျင်းပပြီးနောက် နံနက်၇နာရီတွင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ရေ၊လေ)ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်အတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေရောက်ရှိ လာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြု

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအားအလေးပြု၍ သစ္စာလေးချက် ရွတ်ဆိုပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲဒုတိယနေ့ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲကို ဒုတိယနေ့ပြပွဲအဖြစ် ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသသည်။

ယနေ့သည် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ အများပြည်သူတို့၏ အားလပ်ရက်ဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးနေ့ပြပွဲသို့ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများ စုစုပေါင်း ၅၀၀၉ဦးတို့ လာရောက်ကြည့်ရှု လေ့လာကြသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲတွင် ဗဟိုပြကွက်အဖြစ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့် သက်ဆိုင်သည့်အဆိုအမိန့်၊ လူသားအစမြန်မာက ပြကွက်၊ ရှေးဟောင်း မြန်မာနိုင်ငံတော်များပြကွက်၊ လွတ်လပ်ရေး ကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများပြကွက်၊ ရှုခင်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှုရောင်စုံဓာတ်ပုံပြကွက်၊ ခေတ်မီ ဘက်စုံတည်ဆောက်ရေး မြင်ကွင်း ရောင်စုံဓာတ်ပုံပြကွက်တို့ကို ခင်းကျင်းပြသထားသည်။

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသလျက်ရှိရာ Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲ၌ မြို့နယ်အသီးသီးမှ အခြေခံပညာ အထက်တန်းအဆင့်ကျောင်းများမှ ကျောင်းသား ကျောင်းသူများဝင် ရောက်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

ထို့ပြင် ဝန်ကြီးဌာနအလိုက် ပြခန်းများအပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များက စာအုပ်၊ စာတမ်းများကို ရောင်းချပေးလျက်ရှိပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်ဖြင့် Soft Guide Computer Co. ၏ Teching Contest with Audio Language Lab ပြိုင်ပွဲ၌ မြို့နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးသည်။

ပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၂/၂၀၀၅
၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့က အဆက်)

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) (အဆက်)

၁၂။ ဦးစိုးဦး လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်(၁)တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)၊ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။
၁၃။ ဦးညွန့်ဦး ဒုတိယအင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၁၄။ ဦးမောင်မောင်ပါ ဒုအလုပ်ရုံမှူး၊ အင်ဂျင်နီယာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၁၅။ ဦးမြသန်း အင်ဂျင်နီယာမှူးကြီး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။
၁၆။ ဦးမြင့်အောင် ဥက္ကဋ္ဌ၊ သတ္တုဗေဒအင်ဂျင်နီယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၊ သမဝါယမဝန်ကြီးဌာန။
၁၇။ ဦးထွန်းအောင် အင်ဂျင်နီယာမှူး(စက်မှု)၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၁၈။ ဒေါ်နုနု ကြီးကြပ်ရေးမှူး(ပုလဲမွေး)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၁၉။ ဦးတင်ဝင်း(၅) အငယ်တန်းအင်ဂျင်နီယာ(၁)(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၂၀။ ဦးရဲညွန့်စိန် လ/ထအင်ဂျင်နီယာ(အလုပ်ရုံ၊ရန်ကုန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၂၁။ ဦးခင်မောင်ထွန်း လ/ထအင်ဂျင်နီယာ (စက်မှု/စက်ရုံ)၊ ရွာထောင်ဒီဇယ်စက်ရုံ၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၂၂။ ဦးဝင်းသူ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၃။ ဦးဟန်စိန် စက်ရုံမှူး၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၄။ ဦးလှသိန်း လ/ထအင်ဂျင်နီယာ(လျှပ်စစ်)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၅။ ဦးဌေးအောင် ပ–လုပ်ငန်းကြပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၆။ ဦးကံညွန့် လုပ်ငန်းအုပ်(စက်ပြင်)၊ စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၇။ ဦးသန်းထွန်း အင်ဂျင်နီယာမှူး၊ အဝေးဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။
၂၈။ ဒေါ်စန်းစန်းလွင် အင်ဂျင်နီယာမှူး၊ စီမံကိန်းဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၂၉။ ဒေါ်ချယ်ရီမျိုးတင့် အင်ဂျင်နီယာမှူး၊ ရန်ကုန်အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၀။ ဒေါ်ခင်မြမြနိုင် အင်ဂျင်နီယာမှူး၊ ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၁။ ဦးသိန်းဟုတ် အင်ဂျင်နီယာမှူး၊ လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၂။ ဦးခင်မောင်ကြည် အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ (ရေပေါ်မီးအစမ်းတွင်း)၊ စစ်ကိုင်းတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။
၃၃။ ဦးသိန်းထွဋ်ဇော် အလုပ်ရုံစုမှူး(စီမံရေး)၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)၊ စွမ်းအင်ဝန်ကြီးဌာန။
၃၄။ ဦးခင်မောင်လေး ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုယန္တရားဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၅။ ဦးအောင်သန်းဦး ဒုတိယညွှန်ကြားရေးမှူး(ဘူမိ)၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၆။ ဦးတင်မောင်ဦး လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)၊ စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၇။ ဦးစိုး လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)၊ စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ တောင်ငူ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၈။ ဦးမြင့်သိန်း လက်ထောက် အမှုဆောင်အင်ဂျင်နီယာ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မိတ္ထီလာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၉။ ဦးဇော်မင်း(ခ)ဦးကျော်စိုးဝင်း အမှတ် ၁၁၆၊ ဇီဇဝါလမ်း၊ ကန်အောက်ရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

စီမံထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးစိုးညွန့် ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်(ရန်ကုန်)။
၂။ ဦးဖိုလ်ကြည် ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်(မန္တလေး)။
၃။ ကြည်း–၁၃၂၅၄ ဗိုလ်မှူးကြီးခင်မောင်မြင့် စစ်ဗျူဟာမှူး၊ စစ်ဗျူဟာအဖွဲ့(အခြေချ)(တန့်ယန်း)အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄။ ကြည်း–၁၄၅၂၂ ဗိုလ်မှူးကြီးစံရွှေသာ စစ်ဗျူဟာမှူး၊ စစ်မဟာဗျူဟာအဖွဲ့(အခြေချ)(ကွတ်ခိုင်)အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅။ ဦးစိုးရီ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၆။ ဦးမျိုးတင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။
၇။ ဗိုလ်မှူးကြီးသန်းညိန်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၈။ ဦးစိုးတင့် ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၉။ ဦးဝင်းကြည်(၁) ပါမောက္ခချုပ်၊သစ်တောဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀။ ဦးမြတ်ကို ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။
၁၁။ ဦးချစ်ခင် ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၂။ ဦးခင်မောင်ကြည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၃။ ဦးကျော်လွင် ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၁၄။ ဦးမောင်မောင်ညွန့် ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၁၅။ ဦးသန်းထွန်း ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၁၆။ ဦးမြင့်ရွှေ ညွှန်ကြားရေးမှူးချုပ်၊ ပျားလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၇။ ဦးခင်မောင်အေး ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။
၁၈။ ဒေါက်တာစန်းဦး ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးခင်မောင်လင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စာရင်းစစ်ချုပ်ရုံး။
၂။ ဒေါ်သန်းသန်းအေး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စာရင်းစစ်ချုပ်ရုံး။
၃။ ကြည်း–၁၃၁၈၈ ဒုတိယဗိုလ်မှူးကြီးမျိုးကြင် ဦးစီးအရာရှိ(ပထမတန်း) စစ်ထောက်ဌာန(လုပ်ငန်း)အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄။ ကြည်း–၁၄၄၉၀ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင် ဦးစီးအရာရှိ(ပထမတန်း) စစ်ထောက်ဌာန (ဖြည့်တင်း/ထိန်းသိမ်း)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅။ ကြည်း–၁၂၁၈၁ ဗိုလ်မှူးကြီးသန်းမြင့် ဌာနမှူး(အာရှအရှေ့ဖျားဒေသ)။ စစ်မဟာဗျူဟာလေ့လာရေးဌာန၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန။
၆။ ကြည်း–၁၁၇၂၄ ဒုတိယဗိုလ်မှူးကြီးညွန့်ရွှေ ဦးစီးအရာရှိ(ပထမတန်း)၊ (စစ်ဆင်ရေးလေ့ကျင့်ရေးနှင့်အုပ်ချုပ်ရေး)ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၇။ ကြည်း–၁၃၀၉၃ ဒုတိယဗိုလ်မှူးကြီးသန်းဇော် ဦးစီးအရာရှိ(ပထမတန်း) (စက်မှု) ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈။ ကြည်း–၁၃၉၄၉ ဒုတိယဗိုလ်မှူးကြီးစိုးသိန်း တပ်ရင်းမှူး၊ အမှတ်(၁၁၁)၊ ဆက်သွယ်ရေးတပ်ရင်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၉။ ကြည်း–၁၃၉၇၁ ဒုတိယဗိုလ်မှူးကြီးလရောင် တပ်ရင်းမှူး၊ အမှတ်(၂) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀။ ကြည်း–၁၄၃၃၀ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် တပ်ရင်းမှူး၊ အမှတ်(၃) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၁။ ကြည်း–၁၅၅၂၄ ဒုတိယဗိုလ်မှူးကြီးတင့်ဝေ စာတည်းမှူးချုပ်၊ မြဝတီစာပေတိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၂။ ဦးမောင်မောင် ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၁၃။ ဦးအောင်ဝင်း(ပ/၃၆၉၄)တိုင်းအုပ်ချုပ်ရေးမှူး၊ မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။
၁၄။ ဦးကိုကိုနိုင် အထွေထွေမန်နေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၁၅။ ဦးကံလှ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန။
၁၆။ ဦးအောင်သန်းမြင့် ကျောင်းအုပ်ကြီး၊ ဒီဂရီကောလိပ်(မန္တလေး)၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။
၁၇။ ဦးမြတ်သူရ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုဝန်ကြီးဌာန။
၁၈။ ဦးစောဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၁၉။ ဦးသာဦး ပါမောက္ခချုပ်၊ ပင်လုံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၀။ ဦးစိုးမြင့် ပါမောက္ခချုပ်၊ ပခုက္ကူတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၁။ ဦးကျော်မြင့်ဦး ပါမောက္ခချုပ်၊ တောင်ငူတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၂။ ဦးစိုးမြင့် ပါမောက္ခချုပ်၊ ဟင်္သာတတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၃။ ဒေါက်တာမျိုးမြင့် ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၄။ ဦးကျော်ကျော်ဌေး ဒုတိယပါမောက္ခချုပ်၊ ထားဝယ်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၅။ ဦးစောဝင်း ဒုတိယပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၆။ ဦးစောဟန်ရှိန် ဒုတိယပါမောက္ခချုပ်၊ ဘားအံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၂၇။ ပါမောက္ခဒေါက်တာခင်မောင်ဝင်း ပါမောက္ခ/ဌာနမှူး(အသည်း)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၂၈။ ပါမောက္ခဒေါက်တာခိုင်စန်းရင် ပါမောက္ခ/ဌာနမှူး(ရောဂါဗေဒ)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။
၂၉။ ကြည်း ၁၂၉၄၂ ဒုတိယဗိုလ်မှူးကြီးစိန်ရ ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မင်းတပ်မြို့၊ ချင်းပြည်နယ်။
၃၀။ ဒုတိယဗိုလ်မှူးကြီးကျော်တင့် ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ (ရန်ကုန်အနောက်ပိုင်းခရိုင်)ရန်ကုန်တိုင်း။
၃၁။ ရေ–၃၃၁၉ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦး ဌာနမှူး၊ ရေယာဉ်တည်ဆောက်ရေးဌာန၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ရန်ကုန်တိုင်း။

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးစိုးဝင်းနိုင် ဌာနစုမှူး၊ နိုင်ငံတော်သမ္မတရုံး။
၂။ ဦးထွန်းကြည် ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (ရန်ကုန်)။
၃။ ဦးတင်ဝင်း ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့် ငွေစာရင်းဌာန၊ တရားရုံးချုပ် (ရန်ကုန်)။
၄။ ဒေါ်ချိုချိုမာ ဒုတိယပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၅။ ဦးသိန်းနု ဒုတိယပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၆။ ဦးခင်မောင်ဝင်း ဌာနမှူး(တည်ဆောက်ပြုပြင်)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၇။ ကြည်း–၂၀၆၄၁ ဗိုလ်မှူးခင်မောင်မြင့် ဦးစီးအရာရှိ(ဒုတိယတန်း)၊ စစ်ထောက်ဌာန(ဖြည့်တင်းရေး/ထိန်းသိမ်းရေးနှင့် ရွှေ့ပြောင်းရေး)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈။ ကြည်း–၁၃၆၄၉ ဗိုလ်မှူးဇော်ဝင်းကြူ တပ်မှူး၊ အမှတ်(၁)ဆက်သွယ်ရေးအလုပ်ရုံ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၉။ ကြည်း–၁၇၆၆၅ ဗိုလ်မှူးအောင်နိုင်မြင့် တပ်ခွဲမှူး၊ အမှတ်(၇)ဆက်သွယ်ရေးတပ်ရင်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀။ ကြည်း–၂၀၅၇၀ ဗိုလ်မှူးတင်ထွန်းဦး စီမံရေးဌာနမှူး၊ ရတနာပုံသတင်းစာတိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၁။ ကြည်း–၂၂၂၁၇ ဗိုလ်ကြီးသိန်းရွှေဝင်း ဦးစီးအရာရှိ(တတိယတန်း) (သတင်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၂။ ကိုယ်ပိုင်အမှတ်–၄၄၇၃၉၆ အရာခံဗိုလ်သန်းညွန့်ဦး စက်ပြင်၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၃။ ဦးမောင်မောင်ကြည် ဗိုလ်/ဗိုလ်ကြီး/အရပ်သား(စာတည်း)၊ မြဝတီစာပေတိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၄။ အမှတ် အ/၇၇၅၃၄ အရာခံဗိုလ်(အစားခန့်)အေးစန္ဒာကြည် သတင်းကြေညာသူ၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၅။ ဦးလှထွန်း ညွှန်ကြားရေးမှူး(ကုန်ထုတ်)၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၆။ ဦးသန်းထွန်းဦး ဒုတိယစက်ရုံမှူး(စီမံကိန်း)၊ စီမံကိန်းကွပ်ကဲရေးမှူး၊ ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၇။ ဒေါ်ခင်မဲ့ ဒုတိယစက်ရုံမှူး(စီမံရေး)၊ ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

5-1 (10).p65 1 3/28/05, 12:04 AM

စာမျက်နှာ (၁၀) မှ

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၁၈။ ဦးမြင့်အောင် စက်ရုံမှူး၊ မန္တလေးအချိုရည်စက်ရုံ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၉။ ဒေါ်ခင်မမကြည် လက်ထောက်စက်ရုံမှူး၊ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၀။ ဦးကျော်ဝင်း အလုပ်ရုံစုမှူး(ကုန်ထုတ်)၊ ကြွေရည်သုတ်ပစ္စည်းစက်ရုံ အမှတ်(၁) မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၁။ ဦးကျော်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးစခန်း (လွယ်ဂျယ်မြို့)နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂၂။ ဦးမျိုးဦး အထွေထွေမန်နေဂျာ၊ ပြည်ပပို့ကုန်လုပ်ငန်းဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂၃။ ဦးတင်လတ် ဌာနစုမန်နေဂျာ တကခ-၃၊ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂၄။ ဦးကိုလေး ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

၂၅။ ဦးကြင်မောင် ညွှန်ကြားရေးမှူး၊ ပင်စင်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

၂၆။ ဦးအောင်ထွန်း ညွှန်ကြားရေးမှူး(စီမံကိန်း-ရေသန့်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၂၇။ ဦးဇော်ဝင်း အင်ဂျင်နီယာမှူးကြီး၊ ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၂၈။ ဦးကျော်မင်းသိန်း အင်ဂျင်နီယာမှူးကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၂၉။ ဦးမြင့်လွင် အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၃)၊လှည်းကူးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၀။ ဦးတင်ကြည် အင်ဂျင်နီယာမှူး(မြို့ပြ)၊ တနင်္သာရီ-ဘုတ်ပြင်းလမ်းစီမံကိန်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၁။ ဦးမျိုးမြင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ အဆောက်အအုံ အထူးအဖွဲ့(၄)၊ ရန်ကုန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၂။ ဦးမျိုးမြင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၂)၊ မြစ်ငယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၃။ ဒေါ်မြဝင်းကြည် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၂)၊ မြစ်ငယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၄။ ဦးမြတ်ကိုကို လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ အဆောက်အအုံအထူးအဖွဲ့(၂)၊ ရန်ကုန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၅။ ဒေါ်သစ်သစ်အောင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၅)၊ မြင်းကဆိပ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၆။ ဦးလေးနိုင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ ရန်ကုန်-မန္တလေးအမြန်လမ်းစီမံကိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၇။ ဦးတင်ဝင်းလှိုင် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ)၊ နောင်မွန်းမြို့နယ်၊ ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၈။ ဦးမြင့်ဦး အင်ဂျင်နီယာမှူး(မြို့ပြ)၊ စနဲပေါက်/သဇင်တန်ပေါက်တံတား၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၃၉။ ဦးသန်းဝင်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၄) မန္တလေး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၄၀။ ဦးစိန်ဗိုက် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၁။ ဦးရဲမြင့်သိန်း(၂) လ/ထ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၂။ ဦးအုန်းသန်း လ/ထဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၃။ ဦးကြီးဖေ လ/ထ ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၄။ ဦးမြင့်ကို လ/ထဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၄၅။ ဦးခင်မောင်တိုး (ပ/၃၃၀၅) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၆။ လ-၅၆၀၃၄ ရဲမှူးအောင်ခန့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကသာခရိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၇။ လ-၁၁၈၁၄၈ ဒုတိယရဲမှူးထွန်းမင်း ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၈။ ဦးခင်မောင်ဝင်း(ပ/၃၄၄၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ လှည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄၉။ ဦးလှဝင်းတင်(ပ/၃၄၀၉) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေတောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၀။ ဦးမြင့်သန်း(ပ/၃၀၆၉) မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ပံတန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၁။ ဦးခင်မောင်ဇော်(ပ/၃၁၈၈) ခရိုင်အုပ်ချုပ်ရေးမှူး၊ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၂။ ဦးအေးဝင်း ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၃။ ဦးအောင်မြင့်(၂) ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၄။ ဦးချားလ်မာဂမ် ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၅၅။ ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၆။ ဦးမြင့်ဆွေ လ/ထ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန။

၅၇။ ဒေါ်ညွန့်ညွန့်သန်း ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၅၈။ ဦးအောင်မြင်သူ ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၅၉။ ဦးစိုးကိုကို ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၆၀။ ဦးကျော်စိုး ဒုတိယအင်ဂျင်နီယာမှူးကြီး၊ စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန။

၆၁။ ဦးအောင်စိုး ညွှန်ကြားရေးမှူး၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန။

၆၂။ ဦးလောစံ 'ဝ'လမ်းဖောက်လုပ်ရေးတာဝန်ခံ၊ 'ဝ'ဆောက်လုပ်ရေးဌာန အထူးဒေသ(၂)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၆၃။ ဦးငွေဦးကြည် လ/ထညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၆၄။ ဦးအေးကို ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၆၅။ ဦးလှကြီးမောင်မောင် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၆၆။ ဦးစိန်ဝင်း ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၆၇။ ဦးအောင်နိုင်မြင့် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၆၈။ ဦးရဲခေါင် အင်ဂျင်နီယာချုပ်(တူးဖော်ရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ညောင်တုန်းရေနံမြေ)၊ ရောဝတီတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၆၉။ ဦးငြိမ်းမောင် အမှုဆောင်ဘူမိဗေဒအရာရှိ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(မြန်အောင်ရေနံမြေ)၊ ဧရာဝတီတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၇၀။ ဦးမောင်မောင်ကျော် အမှုဆောင်ဘူမိရူပဗေဒအရာရှိ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၇၁။ ဦးမျိုးမြင့် (၀၃၅၆) ဌာနခွဲမန်နေဂျာ၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ (က)အဆင့်၊ ထားဝယ်မြို့၊ စွမ်းအင်ဝန်ကြီးဌာန။

၇၂။ ဒေါ်သန်းသန်းအေး ညွှန်ကြားရေးမှူး(မြို့ပြ)၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၃။ ဦးမင်းအောင် လ/ထညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်)၊ အမှတ်(၁) တည်ဆောက်ရေး၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ပျဉ်းမနား၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၇၄။ ဒေါ်သန်းသန်းလှ ကျောင်းအုပ်ကြီး၊ မြစ်ကြီးနားပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၇၅။ ဦးစောဘလှိုင် ပြည်နယ်ပညာရေးမှူး၊ ကရင်ပြည်နယ်၊ ပညာရေးဝန်ကြီးဌာန။

၇၆။ ဒေါ်ဟရန်ကိပ်မဲန် လက်ထောက်ပြည်နယ်ပညာရေးမှူး(စီမံ)၊ ဟားခါးမြို့၊ ချင်းပြည်နယ်၊ ပညာရေးဝန်ကြီးဌာန။

၇၇။ ဒေါ်ခင်လေးပိုင် အထက်တန်းကျောင်းအုပ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ မော်လမြိုင်မြို့၊ ပညာရေးဝန်ကြီးဌာန။

၇၈။ ဒေါ်ခင်စန်းမြင့် အထက်တန်းကျောင်းအုပ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ သထုံမြို့၊ ပညာရေးဝန်ကြီးဌာန။

၇၉။ ဒေါ်တင်တင်အေး အထက်တန်းပြ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း၊ ပညာရေးဝန်ကြီးဌာန။

၈၀။ ဒေါက်တာညွန့်ဝင်းမြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၁။ ဒေါက်တာကြည်လင်း ကထိက/အထူးကုဆရာဝန်(မေ့ဆေး)၊ ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၂။ ဒေါက်တာဒေါ်လှကြင် ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၃။ ဒေါက်တာစိုးညွန့် အထူးကုဆရာဝန်(မေ့ဆေး)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၄။ ဒေါက်တာဇော်သန်းထွန်း ကထိက(ဆေးပညာဌာန)၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၅။ ဒေါက်တာသန့်ဇင် အထူးကုဆရာဝန်(ခွဲစိတ်)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၆။ ဒေါက်တာခင်မောင်လွင် အထူးကုဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၇။ ဒေါက်တာဟန်ဝင်း တွဲဖက်ပါမောက္ခ/အထူးကု ဆရာဝန်ကြီး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၈။ ဒေါက်တာဝင်းမောင် တွဲဖက်ပါမောက္ခ/အထူးကု ဆရာဝန်ကြီး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၈၉။ ဒေါက်တာတင်တင်နွဲ့ အထူးကုဆရာဝန်(မေ့ဆေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၀။ ဒေါက်တာသီတာအောင် အထူးကုဆရာဝန်၊ အနောက်ပိုင်းဆေးရုံ၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၁။ ဒေါက်တာစောမားလ်ဒိုသိန်း လက်ထောက်ဆရာဝန်၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၂။ ဒေါက်တာညိုမီခိုင်သန်းလှိုင် လက်ထောက်ဆရာဝန်(ဆေးပညာ)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၃။ ဒေါ်ကြူကြူမွန် တာဝန်ခံသူနာပြုဆရာမကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၄။ ဒေါ်စောယုမေ သူနာပြုဆရာမကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၅။ ဒေါက်တာလမင်းဝင်း လက်ထောက်ဆရာဝန်(ဘွဲ့လွန်တက်)၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၆။ ဒေါက်တာနေဝင်းသန်း လက်ထောက်ဆရာဝန်(ဘွဲ့လွန်တက်)၊ အခြေခံသင်တန်းရာထူးစု၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၉၇။ ဒုတိယဗိုလ်မှူးကြီးဝင်းဇော် ဥက္ကဋ္ဌ၊ တမူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း။

၉၈။ ကြည်း-၂၅၂၂၈ ဗိုလ်ကြီးအောင်အောင်လွင် ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးအာစိဏ္ဏ သာသနာ့ဝန်ထမ်း၊ ရွှေလှိုင်အုတ်ကျောင်း၊ ကျောင်းကြီးတိုက်၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဦးညွန့်တင် လျှပ်စစ်အရန်လုပ်ငန်း၊ ပညာသည်အဆင့်(၁)၊ လျှပ်စစ်၊ မြို့နယ်လျှပ်စစ်မှူး၊ မိုင်းပျင်းမြို့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃။ ဦးငွေသန်း မထသလုပ်သား(ငြိမ်း)၊ ၄၅/ခ၊ သီရိမာလာလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း။

၄။ ဦးမြဦး အရောင်းအဝယ်၊ အမှတ်၉/၁၃၄၊ မာဃလမ်း၊ င/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဦးမြင့်ဆွေ လက်သမား၊ ၆၂၆/ခ၊ မန္တလေးလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ဦးမောင်မောင်အေး စက်ခန်းအုပ်(ပ)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာန၊ စွမ်းအင်ဝန်ကြီးဌာန။

၇။ ဦးသန်းဝင်း အလုပ်ရုံစိတ်မှူး၊ စက်မှုစီမံရေး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၈။ ဦးအုန်းမြင့် ကျောင်းဆရာ၊ အလယ်တန်းပြ၊ အထက(၂)၊ကျောက်တန်း၊ ပညာရေးဝန်ကြီးဌာန။

၉။ ဦးမှတ်ကြီး လက်သမား(၄)၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ ပရိဘောဂဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၀။ ဦးမြင့်ဝေ ဈေးသည်၊ ကန်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။

၁၁။ ဦးထွန်းအေး ယာဉ်မောင်းအဆင့်(၁)၊ မော်တော်ယာဉ်ဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၁၂။ အရှင်ဝိစိတ္တလင်္ကာရ စိတ္တသုခကျောင်း၊ သဇင်နွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ဦးတင်ဝင်း လုံခြုံရေး(၂)၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၊ အားကစားဝန်ကြီးဌာန။

၁၄။ ဦးယဉ်သိမ်း ဈေးရောင်း၊ အမှတ်(၈၉၂)၊ သုဇာတာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ဦးလှတင် (၆၁၃၁)၊ ဖြန့်ဖြူးရေးဝန်ထမ်း (ပဉ္စမ) ဆီဖြည့်တာဝန်၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၆။ ဦးရင်မောင် ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ အဖြူချက်၊ ဆေးဆိုးပန်းရိုက်(အငြိမ်းစား)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၇။ ဦးမြလှိုင် အငယ်တန်းအင်ဂျင်နီယာ(၁) သံလမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၁၈။ ဒေါ်နုနုခင် လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်ထုတ်စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၉။ ချင်းတွင်းအရှင်ကလျာဏဝံသ၊ သာသနာ့ဝန်ထမ်း၊ နယ်လှည့်သာသနာပြုဓမ္မရက္ခိတစာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ တောင်ဝိုင်းရပ်၊ ဈေးကြို ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၀။ ဦးစိန်လွင် မထသဌာနစိတ်မှူး၊ အမှတ်(၁၆)၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဦးကုသလ သာသနာ့ဝန်ထမ်း၊ မဟာမုန်ကင်းကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဦးရွှေမောင်းဝင်း လုပ်သား(ထုတ်လုပ်)၊ ထုတ်လုပ်မှုဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၂၃။ ဦးမြင့်စိုး လုပ်သားမှူး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ ကျန်းမာရေးဝန်ကြီးဌာန။

၂၄။ ဆရာတော် ဦးစိန္တိတ သာသနာ့ဝန်ထမ်း၊ အန်ကောင်ကျောင်းတိုက်၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

၂၅။ ဦးမြင့်သိန်း အလုပ်ရုံစိတ်မှူး၊ စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ၊ ဓာတုဗေဒစက်ရုံခွဲ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၆။ ဦးမြင့်လွင် ပုံဆွဲ(၁)၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။ ***(ဆက်လက်ဖော်ပြပါမည်။)***

ဦးတည်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

ချင်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၉ရက် နံနက်၁၀နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ကျောင်းသားကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူ၊ လူငယ်မောင်မယ်များက **‘ပြည်မြန်မာ’**သီချင်းနှင့် **‘ရာသက်ပန် ပြည်ထောင်စု’**သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးသည် အသင်းကြီး၏ (၁၁)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)တွင် အနှစ်သာရရှိရှိ ချမှတ်ထားသည့် ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်တို့နှင့် ပတ်သက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသာမက ရည်မှန်းချက်တူညီသည့် လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ချမှတ်ခဲ့သော ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကကြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ယုံကြည်သည်ကို မိန့်ကြားခဲ့ပြီး နာယကကြီးအနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူများ၏ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကို တိုက်တွန်းလမ်းညွှန်သွားခဲ့ကြောင်း။

ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗန်ထောင်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျင်ရှန်းခမ်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဒေ့သ်လှေပါရ်က ချင်းပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)



တီးတိန်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခမ်ဆွမ်းမုန်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)



မင်းတပ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတန်းလိန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ဖလမ်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ပူးပေါင်းပါဝင်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုဦးတည်ချက်(၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို မိမိတို့ချင်းပြည်နယ်အတွင်း၌ လက်တွေ့အကောင်အထည် ဖော်ကြရမည်ဖြစ်သည့်အတွက် မိမိတို့အသင်းဝင်များနှင့်အတူ မိဘပြည်သူများနှင့် မိမိတို့၏ မိတ်ဖက် အဖွဲ့အစည်းများကပါ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာ အခန်းကဏ္ဍက တက်တက်ကြွကြွ ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအား အပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆိုကို ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗန်ထောင်းက ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်အောင် စွမ်းရည် စွမ်းအား အပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျင်ရှန်းခမ်က ဆွေးနွေးတင်ပြသည်။

ယင်းနောက် ချင်းပြည်နယ်အတွင်း ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအဆိုကို ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဒေ့သ်လှေပါရ်က ဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအား အပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် စွမ်းရည် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုနှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများ အင်တိုက်အားတိုက် အကောင်အထည် ဖော် ဆောင်ရွက်ရေး အဆိုများကို ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်၊ မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတန်းလိန်းနှင့် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခမ်ဆွမ်းမုန်တို့က အသီးသီး ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ထူးချွန်လူငယ်များအား ဆုချီးမြှင့်ရာတွင် ပညာရေးထူးချွန်ဆုများကို ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ၏ဇနီး ဒေါက်တာဒေါ်ခင်စောမူကလည်းကောင်း၊ ဂီတထူးချွန်ဆုကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာကလည်းကောင်း၊ အားကစားထူးချွန်ဆုများကို ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးကလည်းကောင်း၊ ထောက်ပံ့ငွေများကို ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗန်ထောင်းက လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ဆုံးဖြတ်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးနှင့် ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆက်လက်၍ ဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြွေးကြော်သံများဖြင့် တစ်ခဲနက်ကြွေးကြော်၍ နံနက်၁၁ နာရီတွင် အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

5-1 (12).p65 1 3/28/05, 12:04 AM

စာမျက်နှာ ၆ မှ

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စားမန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးဖြူငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မြန်မာ့လွတ်လပ်ရေးသည် မြန်မာနိုင်ငံသမိုင်းတွင် အလွန်ထူးခြားသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်အချုပ်အခြာအာဏာကို ကိုယ်ပိုင်ဆိုင်သည့် လွတ်လပ်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါ ရပ်တည်ခဲ့ရာက ၁၉ရာစု ကုန်ခါနီးတွင် နိုင်ငံတော်ကြီး၏ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပါကြောင်း။

သမိုင်းပေးတာဝန်

မိမိတို့၏ အဘိုးအဘွားများဖြစ်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက်ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ပါကြောင်း၊ ယင်းသို့ ပြန်လည်ရရှိခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် မိမိတို့ကျောင်းသား ကျောင်းသူ လူငယ်များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း။

၂၀၀၅ ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်က ကြီးမှူးပြီး ကျင်းပပေးခဲ့သည့် အမျိုးသားရေးအနှစ်သာရ ပြည့်ဝသော စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် မိမိတို့ ကျောင်းသားကျောင်းသူများသည်ပဥ္စမတန်းကစပြီး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအထိ နိုင်ငံတစ်ဝန်းလုံး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း။

ယနေ့ ၂၁ ရာစုကာလတွင် မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်လျက်ရှိပါကြောင်း၊ ဤကဲ့သို့ အချိန်ကာလမျိုးတွင် ကြုံတွေ့လာရမည့် ပြဿနာများ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ စိန်ခေါ်မှုများကို မိမိတို့၏ **တိုင်းချစ် ပြည်ချစ် အမျိုးချစ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်** စသည့် ကိုယ်ခံအင်အားများဖြင့် ကြံ့ကြံ့ခံပြီး အောင်အောင်မြင်မြင်ဖြေရှင်းနိုင်ဖို့ ပြင်ဆင်ထားရမှာဖြစ်ပါကြောင်း။

ကြိုးပမ်းအားထုတ်

ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ ကျောင်းသား ကျောင်းသူများအနေဖြင့် တက်တက်ကြွကြွ ပါဝင်ပြီး **ပညာပြည့်ဝ စိတ်ဓာတ်လှ** သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါမည်ဟု ဤနေရာမှ ပြောကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့ ကျောင်းသား ကျောင်းသူများသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်** တည်ဆောက်ရာတွင် ကျရာတာဝန်ကို တက်ကြွကျေပွန်စွာ ထာဝစဉ် သယ်ပိုးထမ်းဆောင်သွားပါမည်ဟု လေးစားစွာ ဂါရဝပြုကတိပြုပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

အခမ်းအနားအပြီးတွင် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁ ရက်က ပညာရေးဝန်ကြီးဌာန မသန်သော်လည်း စွမ်းဆောင်နိုင်သည့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် လှူဒါန်းငွေပေးအပ်ပွဲ အခမ်းအနားကို ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မြို့မခန်းမ၌ ကျင်းပရာပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် ဧည့်သည်တော်များ မသန်သော်လည်းစွမ်းဆောင်နိုင်သည့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုဌာန အဆောက်အအုံနှင့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လမ်းကတ္တရာထပ်ပိုးလွှာခင်းမှု စစ်ဆေး လမ်းအရည်အသွေးကောင်းမွန်ရေး အမြဲကြီးကြပ်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၃ ရက်တွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့နယ်ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ (အောက်ပုံ)**တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ပျိုးဥယျာဉ်အတွင်း သတ်မှတ်ထားသော ပျိုးပင်အရေအတွက်ကို အမြဲတမ်းပြည့်မီနေစေရန်၊ ပန်းခြံအတွင်း ပန်းအလှပင်များဆယ့်နှစ်ရာသီလုံး ဝေဆာစွာဖူးပွင့်နေစေပြီး အစဉ်စိမ်းလန်းစိုပြည်နေစေရေး ဆောင်ရွက်ထားရန်နှင့် မြက်ခင်းအလှပြုပြင်ရေးကို စံပြဖြစ်ရေးဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မင်းရဲကျော်စွာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသောင်းစိန်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနိုတို့က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လမ်းများအား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းအရည်အသွေးကောင်းမွန်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်မှ အစဉ်အမြဲကြီးကြပ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်း ကုန်ကျငွေ ၂၁ သိန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းကုန်းမိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း သာယာဝတီခရိုင်အုတ်ဖိုမြို့နယ် ကျွန်းကုန်းမိုးကုတ်ဝိပဿနာ တရားစခန်းရိပ်သာကြီးတွင် ပြာသိုခုနစ်ရက် တရားစခန်းပွဲကို ၁၃၆၆ ခုနှစ် ပြာသိုလဆန်း၇ရက်မှ ၁၃ရက် အထိ (ဇန်နဝါရီ၁၆ ရက်မှ ၂၂ရက် အထိ) ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက မဟာသဒ္ဓမ္မဇောတိကဓဇ သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးမြင့်ဆွေက ဟောဖော်ညွှန်ပြ ကျေးဇူးဆပ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ပြာသိုလဆန်း၆ရက် (ဇန်နဝါရီ ၁၅ ရက်) ညနေအရောက် လာရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)နှစ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ (၄၃)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းခမ်းမှာရုံတွင်ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီး ဘိုးဘွားများနှင့် ၂၀၀၃ -၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများစာရင်းနှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၇ရက် နောက်ဆုံးထား၍ ဦးတင်အောင် ဖုန်း-၂၅၆၉၀၈၊ ၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၅၃၅၃၈၃၊ ၅၀၁၀၅၁နှင့် ဦးသန်းစိုး ဖုန်း-၃၇၆၆၈၅၊ ၅၃၄၇၃၆ ဒုတိယညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာနတို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းကြရန်နှင့် အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) က သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကိုဇန်နဝါရီ၃၀ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီမှစ၍ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်း ဧရာဝတီတိုင်းခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသင်းသားများနှင့်အသင်းသားမိဘများ၏အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို အမည်၊ မှတ်ပုံတင်မိတ္တူများဖြင့်လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများကိုလည်းကောင်း၊ ထူးချွန်ဆုအဖြစ်ချီးမြှင့်မည့်အပြင် ပညာသင်ထောက်ပံ့ကြေးကိုပါ တစ်ပါတည်း ချီးမြှင့်ရန် စီစဉ်ထားသည်။ လှူဒါန်းလိုကြသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၇၂၅၇၃၊ ၀၉-၉၉-၂၂၁၉၇၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၇၀၅၈၅၈နှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄ တို့သို့ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

စိန်ဂျွန်း(၇၄)နာမကျန်းနှင့် နာရေးကူညီမှုအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

စိန်ဂျွန်း(၇၄)နာမကျန်းနှင့် နာရေးကူညီမှုအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲကို ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းရှိ ရွှေမင်းသမီးစားတော်ဆက်တွင် ဇန်နဝါရီ၃ ရက် ညနေ ၅ နာရီကကျင်းပသည်။

ရှေးဦးစွာ အလုံအောင်မင်္ဂလာကျောင်းတိုက်မှ သံဃာတော်များကို ပင့်ဖိတ်၍ ကွယ်လွန်သူ ဆရာ၊ ဆရာမများနှင့် ငယ်သူငယ်ချင်းများအတွက်ရည်စူး၍ စိန်ဂျွန်း(၇၄)အဖွဲ့၏ အလှူဒါနအစုစုကို ရေစက်ချအမျှပေးဝေသည်။ည ၆ နာရီတွင် အသင်း၏ ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းနာယက အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးလှမိုး(လှမိုး-ပညာရေး)က သြဝါဒစကားပြောကြားသည်။ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးအောင်သူမြိုင်က ဖတ်ကြားတင်ပြ၍ နှစ်ချုပ် ရ/သုံးငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးတင်ဝင်းက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ည ၇နာရီတွင် မိတ်ဆုံညစာစားပွဲ ဆက်လက်ကျင်းပကြောင်းသိရသည်။**(က-ပ)**

သန်လျင် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံ အောင်မြင်ခြင်းရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း သန်လျင်မြို့၌ တည်ထားကိုးကွယ်သော ကျိုက်ဖောဓိ စေတီတော်မြတ်ကြီး၊ မဟာအတုလ မာန်အောင် ရုပ်ရှင်တော်မြတ်ကြီးနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး၊ သိမ် အစရှိသော သာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှု အောင်မြင်ခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး ပရဝဏ်ရှိ ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်း မြို့နယ် ကလေးဝတောရ စာသင်တိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ စာသင်တိုက် ပဓာနနာယက(ယော) ဆရာတော် တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင် ဓမ္မ မိတ်ဆွေများ တက်ရောက်ကြည်ညို ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက် အကျိုးတော်ဆောင်ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူတည်ဆောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (ယော) ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ **(အပေါ်ပုံ)** ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘက်စုံပြန်လည်ပြုပြင်

ကျိုက်ဖောဓိ စေတီတော်မြတ်ကြီး၊ မဟာအတုလမာန်အောင် ရုပ်ရှင်တော်မြတ်ကြီးနှင့် ဂန္ဓကုဋိကျောင်းတော်ကြီး၊ သိမ် အစရှိသောသာသနိကအဆောက်အအုံများကို ၃၁ဘုံ ကိုယ်စားစေတနာရှင် အလှူရှင် ဓမ္မ မိတ်ဆွေများစုပေါင်း၍ လုပ်အားနှင့် အလှူငွေများဖြင့် ဘက်စုံပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ကျိုက်ဒေးယျုံ(ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး၏ (၂၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးအတွက် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ဇန်နဝါရီ ၂ရက်က ဘုရားကြီးဓမ္မာရုံ၌ ကျင်းပရာဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကိုလေးက သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (က-ပ)

ပန်းချီပြပွဲကြည့်ရှုနိုင်

ရန်ကုန် ဇန်နဝါရီ ၄

Eternal Music Gallery က စီစဉ်သည့် နေမျိုးဆေး၏ ပန်းချီပြပွဲကို ဇန်နဝါရီ၆ရက် (ကြာသပတေးနေ့)တွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ပြသမည်ဖြစ်သည်။ ထိုပြပွဲတွင် နေမျိုးဆေး၏ ကော်လာ့(ချ်)ပန်းချီလက်ရာ ၂၀ခန့် ပြသထားမည်ဖြစ်သည်။ ပြပွဲကို ဇန်နဝါရီ ၆ရက် နံနက် ၁၀နာရီမှ ညနေ၅နာရီအထိ တစ်ရက်တည်းသာ ပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က-ပ)**

B.E(Mining)
Drill and Blast Supervisor(MECL)
B.Sc(Physics)

WINNER
• အင်္ဂလိပ်စကားပြော • အင်္ဂလိပ်စာရေးနည်း

7DAY NEWS JOURNAL

12 Ladies Show
တာဝရလက်ဆောင် (၂)
VCD (ကာရာအိုကေ)
VCDကာရာအိုကေ Telephone & Address Book
Lynn Emperor
VCD ထွက်ပြီ

၂၀၀၅ နှစ်သစ်ဆုမွန်လွှာ

ကျွန်တော်တို့၏ ထိပ်တန်းနှင့်ရွှေကုက္ကိုလ် အခြေခံစက်ပြင်နှင့် ယာဉ်မောင်းသင်တန်းကို အားပေး ချီးမြှောက်တော်မူကြသည့် မိတ်ဟောင်းမိတ်သစ်များနှင့်တကွ မြန်မာပြည်သူပြည်သား အပေါင်းတို့သည် ၂၀၀၅ခုနှစ် မင်္ဂလာနှစ်သစ်တွင် ဘေးရန်ရောဂါကင်းစင်ကွာ၍ စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းကြပြီး စီးပွားဥစ္စာအဖြာဖြာတို့ ကြီးပွားတိုးတက်ကြပါစေ။

ဦးနှင်းဦး၊ ဦးထိန်နန်းမြင့်
ထိပ်တန်းနှင့် ရွှေကုက္ကိုလ်အခြေခံစက်ပြင်နှင့် ယာဉ်မောင်းသင်တန်းကျောင်း
သိမ်ဖြူကွင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်၊ ဖုန်း-၇၂၂၈၀၂၊ ၅၄၁၈၆၆။



Learner's choice
မေးခွန်း ၅ စုံ အထူးထုတ်

ဂုဏ်ထူးလက်ဆောင် ထွက်ပြီ
၂၀၀၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း ဘာသာစုံ စာမေးပွဲ အထူးထုတ် (မေးခွန်း ၅စုံ) (ဝိဇ္ဇာတွဲ၊ဝိပ္ပံတွဲ၊သိပ္ပံတွဲ)

မြစ်သားမြို့နယ်တွင် မိုင်းမော-အောင်ချမ်းသာ ကျေးလက်လမ်းဖွင့် ငွေကျပ် ၅၇သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

မြစ်သား ဒီဇင်ဘာ ၃၁

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပြီးစီးခဲ့သော မိုင်းမော-အောင်ချမ်းသာ ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာဦးကျော်စိုးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသည် အရှည် ပေ၃၅၆၀၊ အကျယ် ၁၂ပေ၊ ထု ၉ပေ၅လက်မဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၅၇၅၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

လားရှိုးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

လားရှိုး ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၂၅ရက်က ကျင်းပရာ ရှေးဦးစွာ အမှတ်(၉)ရပ်ကွက်ရုံး၌ ရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေ တက်ရောက်ပြီး လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးသန်းထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အလားတူ အမှတ်(၁၁)ရပ်ကွက် ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မွန်းလွဲ၁နာရီခွဲက ရပ်ကွက်ရုံးတွင် ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အမှတ်(၁၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကျော်ဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ပညာ့အလင်းစာကြည့်တိုက်ဖွင့်လှစ်

အလားတူ ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မွန်းလွဲ ၂နာရီက နားကွမ်းလုံ ကျေးရွာအုပ်စုရုံး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ နားကွမ်းလုံကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးလရှီးယော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ဒီဇင်ဘာ ၂၀ရက်က ထန်းတပင်မြို့နယ် ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပခုက္ကူမြို့နယ် သံဘိုကျေးရွာစာကြည့်တိုက်ဖွင့်

ပခုက္ကူ ဒီဇင်ဘာ ၂၅

ပခုက္ကူမြို့နယ် သံဘိုကျေးရွာ ပညာတံခွန်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်နံနက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်မြင့်ဦးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

စာကြည့်တိုက်များဆက်လက်ဖွင့်

အလားတူ ကံရပ်ကြီးကျေးရွာအုပ်စုတွင် ရောင်ခြည်ဦးစာကြည့်တိုက်၊ မန်ကျည်းသုံးပင်ကျေးရွာအုပ်စုတွင် ပစ်တိုင်းထောင်စာကြည့်တိုက်နှင့် သစ်ပုလွေကုန်းကျေးရွာတွင် ပညာဥယျာဉ် စာကြည့်တိုက်များကို ဆက်လက်၍ ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပူတာအိုမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

ပူတာအို ဒီဇင်ဘာ ၃၀

ကိုယ့်အားကိုယ်ကိုး ဆန်း စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်းစံပြကျေးရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဆန်းဒေါင်းဒီးတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီး အရာရှိ ဦးချော်ဇာဂူက ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး မဂ္ဂဇင်းမျိုးစုံ ၆၀ ကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာပေဥယျာဉ် စာကြည့်တိုက်ဖွင့် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ဖျာပုံ ဇန်နဝါရီ ၁

ဖျာပုံမြို့နယ် အမာမြို့ မြို့ကုန်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာပေဥယျာဉ် စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက် ၁၁နာရီက မြို့ကုန်းကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် စာအုပ်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ အလှူရှင်ငါးဦးက စာအုပ်နှင့် အလှူငွေကျပ် ခြောက်သောင်းကျော်ကို တာဝန်ရှိသူများသို့ ပေးအပ် လှူဒါန်းကြသည်။ **(ခရိုင်ပြန်/ဆက်)**

စလင်းမြို့နယ်တွင် တညောင်ကျေးရွာအလှူရှင်စက်ရေတွင်းများဖွင့်

စလင်း ဒီဇင်ဘာ ၃၁

(၅၇)နှစ်မြောက် လွပ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ၂၆ရက် နံနက် ၁၀နာရီက စလင်းမြို့နယ် ပေါင်းတူကျေးရွာ၌ နှစ်လက်မ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကိုကျင်းပသည်။

အဆိုပါရေတွင်းကို ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်သီသီခိုင်မိသားစုက လှူဒါန်းငွေကျပ်၈၂၇၀၀၀ ဖြင့် စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီး တစ်နာရီရေထွက်နှုန်း ဂါလန်၁၀၀၀ ထွက်ရှိကြောင်းသိရသည်။

တညောင်ကျေးရွာ

အလားတူ စလင်းမြို့နယ် တညောင်ကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ အဆိုပါစက်ရေတွင်းကို ရန်ကုန်မြို့နေ ဦးမြင့်သိန်း- ဒေါ်သီသီခိုင်မိသားစုက လှူဒါန်းငွေကျပ် ၈၂၇၀၀၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ပြီး တွင်းအနက် ၂၂၀ရိုက်ာ တစ်နာရီ ရေထွက်နှုန်း ဂါလန် ၁၂၀၀ထွက် ရှိကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

ဧရာဝတီတိုင်း ကျောင်းသား အားကစားပြိုင်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဖွင့်လှစ်ပေး

ပုသိမ် ဇန်နဝါရီ ၁

၂၀၀၄ခုနှစ် ဧရာဝတီတိုင်း ကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၃ ရက်မွန်းလွဲ ၂ နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်းတွင် ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ချီတက်အလေးပြု

ထို့နောက် တိုင်းပညာရေးမှူး ဦးမောင်မောင်က ချီတက်လှုပ်ရှားမှု ထူးချွန်ဆုများပေးအပ်ပြီး အားကစားသမားများက တိုင်းမှူးကို စစ်ကြောင်းပုံဖြင့် ချီတက် အလေးပြုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၀ နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ပုသိမ်မြို့နယ်အသင်းနှင့် ဟင်္သာတမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဧရာဝတီတိုင်း ကျောင်းသားအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ အေရိုးဗစ်၊ ပြေးခုန်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ဧရာဝတီတိုင်း ၂၆ မြို့နယ်မှ ကျောင်းသူ ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

(ဧရာဝတီတိုင်း)

ဒီဇင်ဘာ ၄ ရက်က ပုဏ္ဏားကျွန်းမြို့နယ် သန့်ရှင်းသာယာရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)



ကြို့ပင်ကောက်မြို့ အရှေ့ဘုရားလမ်းတွင် အရှည်ပေ ၂၀၀ရှိ ကိုယ့်အား ကိုယ်ကိုး အုတ်ရေမြောင်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြစဉ်။ (ဝ၄ဝ)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့ အကြိုအခြေခံမီးသတ်သင်တန်းဆင်း အရန်မီးသတ်တပ်ဖွဲ့အတွက် ဝတ်စုံပေးအပ်

မော်လမြိုင် ဒီဇင်ဘာ ၃၀

မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော အကြို အခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၁/၂၀၀၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက်က မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲတွင် မော်လမြိုင်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းနှင့် သီရိမင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုဝင်းတို့က သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ဝတ်စုံပေးအပ်

ဆက်လက်၍ ဒေသခံ အရန်မီးသတ်တပ်ဖွဲ့အတွက် ဝတ်စုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက ပေးအပ်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုဝင်းက လက်ခံရယူသည်။

(၁၆၈)

ဒီဇင်ဘာ၂ရက်က မကွေးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့တို့ ညှိနှိုင်းပူးပေါင်းစီစဉ်မှုဖြင့် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများထားရှိမှုကို ဒုတိယဦးစီးမှူး (ဈေး)ဦးကျော်ဌေးဦးနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ ဒုတိယ မြို့နယ်မှူး ဦးစိုးညွန့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ထီးတော်တင်လှူပွဲနှင့် ဓမ္မာရုံရေစက်ချပွဲ

ကျိုက်ထို ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့ မြို့မရပ်မီးချို အောင်သစ္စာစာသင်တိုက်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော် ထီးတော်တင်လှူပွဲနှင့် အောင်သစ္စာဓမ္မာရုံရေစက်ချပွဲ အလှူတော်မင်္ဂလာပွဲကို ဇန်နဝါရီ ၁၃ရက်မှ ၁၆ရက်အထိ ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသက ဦးစီးကျင်းပမည်ဖြစ်သည်။

ရွှေဘုန်းပွင့်စေတီတော် ထီးတော်တင်လှူပွဲနှင့် အောင်သစ္စာဓမ္မာရုံရေစက်ချ အလှူမင်္ဂလာအခမ်းအနားတွင် တရားတော်များဟောကြားမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ရက်တွင် ဦးသူရိယာဘိဝံသ (မန္တလေး မိုးတားဆရာတော်)၊ ဇန်နဝါရီ ၁၄ရက်တွင် ဦးပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) နှင့် ဇန်နဝါရီ ၁၅ရက်တွင် ဦးနရပတိ(ဖြူးဆရာတော်)တို့က တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၁၂ရက်က မြဝတီမြို့အမှတ်(၄)ရပ်ကွက် တောရကျောင်း အနောက်လမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ရောမြေခင်းဆောင်ရွက်မှုကိုအမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးစောအယ်ဝါးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်

ရွှေဘို ဒီဇင်ဘာ ၂၅

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရန်အတွက် ဒီဇင်ဘာ ၁၁ရက်က စည်ပင်သာယာဈေးပတ်လည်ရှိ ရေနုတ်မြောင်းများအတွင်း သဲ၊ နုန်းများနှင့် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)(မြို့နယ်စည်ပင်)**



ဖြူးမြို့(ယခင်)အလက(၁) မြတ်ဆရာပူဇော်ပွဲ

ဖြူး ဒီဇင်ဘာ ၃၀

ဖြူးမြို့အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း ယခင် အလက(၁)၌ ၁၉၅၂ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၅၂ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဖြူးမြို့အထက(၂) ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေး ရပ်နီးမှ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် ရန်ကုန်မြို့တွင် ဦးမင်းစိုး ဖုန်း- ဝ၉-၉၉- ၂၁၃၄ဝ၊ မန္တလေးမြို့တွင် ဦးလှမြင့် ဖုန်း- ဝ၂-၂၇၁၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

B.Sc (Maths)

B.Sc (Q), M.Sc (Zool)

I.L.B.C

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ
ဦးတင်ဦး- ဒေါ်တင်တင်ဝင်း တို့၏တစ်ဦးတည်းသောသား
မောင်ကျော်ကျော်လတ် B.E.(Mechanical)
IGE Co., Ltd.
နှင့်
ရန်ကုန်မြို့ တာမွေမြို့နယ်နေ
ဦးအောင်မြင့်[စား/ဖျော်(ငြိမ်း)]-ဒေါ်စုစုကြည် တို့၏ သမီးဦး
မမီမီအောင် B.Sc.(Physics)
Miwon Shwe Tha Zin Co., Ltd.

တို့၏ ၂၂-၁၂-၂၀၀၄ ရက် တရားရုံးချုပ်၌ ပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ၂၆-၁၂-၂၀၀၄ ရက် IBC ခန်းမ၌ ကျင်းပပြုလုပ်သော ညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော သီရိသုဓမ္မမဏိဇောတရ၊ သီဟသုဓမ္မမဏိဇောတရဦးခင်မြင့်[အုပ်ချုပ်မှု ဒါရိုက်တာ၊ ရတနာဝင်း (သုံးဆယ်) ကုမ္ပဏီလီမိတက်] နှင့် ဇနီး ဒေါ်သန်းသန်းဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးသော ဦးနေအောင် [ဥက္ကဋ္ဌ၊ IGE Co., Ltd.] နှင့် ဇနီး ဒေါ်ခင်မိုးညွန့်၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ အခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဦးမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ကျော်ကျော်လတ်-မမီမီအောင်။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဒသမအကြိမ် သက်ကြီးပူဇော်ပွဲနှင့်နှစ်ပတ်လည်အစည်းအဝေး

အသင်းဝင်များနှင့် ဆည်မြောင်းဝန်ထမ်းဟောင်းများ၊ ဆည်မြောင်း မိသားစုဝန်ထမ်းများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)
နေ့ရက်- ၁၆-၁-၂၀၀၅ (တနင်္ဂနွေနေ့)
အချိန်- မွန်းတည့်(၁၂:၀၀)နာရီ
နေရာ- ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။

သက်ကြီးများအားပူဇော်ရန် အလှူငွေနှင့်ပစ္စည်းများကို နီးစပ်ရာအမှုဆောင်အဖွဲ့ဝင်များနှင့် လက်ထောက်ညွှန်ကြားရေးမှူး (စီမံရေးရာ) ရုံးချုပ် ဒေါ်အေးမြ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **အမှုဆောင်အဖွဲ့။**

GARDEN
DIGITAL PHOTO STUDIO

SHISEIDO
PROFESSIONAL
Bagan Princess Salon
All Services - 20% Off

ဆုတောင်းပြည့်ဆီမီးပူဇော်

ဇန်နဝါရီ၁ ရက်က သာသနာ့ဟိတဝတ်အသင်း၏ (၁၉)နှစ်မြောက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေပြား သင်္ကန်း၊နံ့သာ၉၀၀၀၊ပန်း၉၀၀၀ နှင့်ဆီမီး၉၀၀၀ ပူဇော်ပွဲတွင်မြန်မာ့အလင်း ဝန်ထမ်းမိသားစုများက ကုသိုလ်ယူဆီမီးပူဇော်စဉ်။ (မြန်မာ့အလင်း)

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

၁၉၆၆-၁၉၇၂ခုနှစ် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ ဆရာကန်တော့ပွဲကို ၁၃၆၆ခုနှစ် ပြာသိုလဆန်း၇ရက် (ဇန်နဝါရီ၁၆ရက်) တနင်္ဂနွေနေ့ မွန်းတည့်၁၂နာရီတွင် ကျောက်တံတားမြို့နယ်၊အခြေခံပညာ အထက်တန်း ကျောင်း၌ ကျင်းပမည်ဖြစ်ရာ မော်လမြိုင် ဆရာအတတ်သင်သိပ္ပံတွင် ၁၉၆၆ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း အနည်းဆုံးလုပ်သက် တစ်နှစ်တာဝန်ထမ်းဆောင် ခဲ့သည့် အငြိမ်းစားယူခဲ့ကြသော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကြွရောက် ကြရန်နှင့် ပူဇော်ကန်တော့ကြမည့် သင်တန်းသား သင်တန်းသူများ မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျောက်တံခါး အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း ကျောက်တံခါးမြို့ အခြေခံပညာအထက်တန်းကျောင်းသူ ကျောင်းသားဟောင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောက်တံခါး အထက တွင် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှအငြိမ်းစားယူခဲ့ကြသည့်အသက်၆၀ ပြည့်ဆရာကြီး၊ဆရာမကြီးများနှင့် ရပ်ဝေးမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။

ပူဇော်လှူဒါန်းလိုသူများသည် ဦးဇော်တင့် ရန်ကုန် ဖုန်း (၀၁)-၂၄၉၈၉၂၊ ၀၉-၈၀၃၃၁၉၅၊ ဦးစိုးဝင်း ရန်ကုန် ဖုန်း(၀၁)-၂၉၀၂၄၅၊ ဦးအေးလွင် မန္တလေး ဖုန်း(၀၂)-၈၈၅၇၈ နှင့် ဦးစိုးမိုးဝင်း ပဲခူး ဖုန်း(၀၅၂)-၂၁၀၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ဆူးလေ စေတီတော်မြတ်၏ (၉၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် ရက်များတွင် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော်မြို့နယ်တို့မှ နေ့စဉ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြမည်ဖြစ်ပြီး အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်းကို ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ပွဲတော်ကြီး၏ နောက်ဆုံးနေ့ ဇန်နဝါရီ၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် သံဃာတော်အပါး၁၈၀နှင့် သီလရှင်အပါး၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် စေတီရင်ပြင်ရှိ အလှူခံဌာန ဖုန်း-၃၇၁၀၀၇၊ ၃၇၁၀၀၉နှင့် ၃၇၁၅၆၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့ မာလာရာမ ကွက်သစ် ဘုန်းတော်ကြီးကျောင်း တိုက်ဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းအင်းစိန်သို့မြို့သစ်(က+ခ)ရပ်ကွက် အမှတ် ၂၂၅-က၄လမ်းနေ ဦးသာရှိန်-ဒေါ်သန်းသန်းမိသားစုက အလှူငွေကျပ်သုံးသိန်းကို ဇန်နဝါရီ၁ရက်က ပေးအပ်လှူဒါန်းရာအသင်းအတွင်းရေးမှူး ဦးကျော်သန့်နှင့် အဖွဲ့က လက်ခံရယူစဉ်။ (က-ပ)

ဗဟန်းမြို့နယ် အမက ၂ ၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက စတုတ္ထတန်း ပထမဆုရ မစုမွန်အောင် အားဆုချီးမြှင့်စဉ်။ (က-ပ)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၄

စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၄) ဆင်းပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုးတို့ တက်ရောက် အမှာစကားပြောကြားကြပြီး သင်တန်းတွင် ဆုရရှိကြသူများကိုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

အထက(၁)မြောက်ဥက္ကလာပ မြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ထာဝရငွေပဒေသာပင်အလှူတော်ငွေကျပ်တစ်သိန်းကို ကျောင်းသားဟောင်းများဖြစ်ကြသော ဦးသန်းထွန်း၊ ဒေါ်သန်းသန်းမြင့် (ခ) ဒေါ်ငယ်ငယ် မိသားစုက ဒီဇင်ဘာ၁၉ရက်က ပေးအပ်လှူဒါန်းရာ ပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရ ဦးအောင်ကြည်မြင့်က လက်ခံရယူစဉ်။ (က-ပ)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အခြေခံပညာအလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ပထမဆုရရှိသော ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်ကျော်ထက်နောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပ ပြည်သူလူထုအင်အားတစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲစုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး တည်းဟူသော အမျိုးသားရေးဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အားတစ်သောင်းကျော် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများပါဝင်သော ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အင်အား၃၀၀၀ကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှ အင်အား၅၀၀၀ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ အင်အား၅၀၀ကျော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ အင်အား ၁၀၀၀ကျော် စုစုပေါင်း အင်အား ၁၀၂၅၀ကျော် ပြည်သူလူထုကြီးသည် နံနက်၆နာရီတွင် ပြည်သူ့ရင်ပြင်၌ ဝင်ရောက်နေရာယူကြသည်။

နေရာယူ

ထို့အတူ အခမ်းအနားကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဗဟိုအကြီးအကဲများ၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနအလိုက် ရုံးအဖွဲ့မှူးများ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊

စာမျက်နှာ ၉ ကော်လံ ၄ *

မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

- ❑ **လွတ်လပ်ရေးကို ထိန်းသိမ်းပါ။**

ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ (စာ - ၇)

- ❑ **ဒို့မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအရ သမိုင်းပေးအဖြေကတော့ ရှင်းနေတယ်ဟေ့**

ပြည်ထွန်း၏ ကာတွန်း (စာ - ၇)

- ❑ **နိုင်ငံတော်ကို ဘက်ပေါင်းစုံ ဖွံ့ဖြိုးလာအောင် ဒေသစုံ၊ ကဏ္ဍစုံတွင် အဘက်ဘက်က ရင်းနှီးမြှုပ်နှံ တည်ဆောက်နေခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်ပေးနေခြင်းဖြစ်သည်။**

အထက်မင်းလှညွှန့်အောင်၏ ဆောင်းပါး (စာ - ၈)

5-1 (20).p65 1 3/28/05, 12:05 AM